ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္လာနေ့ (16-11-2015) (၈၃၈၆)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# အနည်းစုသာအနိုင်ရသည့်ပါတီများက Check and Balance မပျောက်စေရန် ဆက်လက်ဆောင်ရွက် ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်ပါတီများအနေဖြင့် လွှတ်တော်ပြင်ပနိုင်ငံရေးနှင့် ထိန်းကျောင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကျွန်တော့်အနေနဲ့လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးပါတီခေါင်းဆောင်များကို အခုလိုထပ်မံပြီးတွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ကျွန်တော်တို့အစိုးရ ဦးဆောင်အကောင်အထည်ဖော်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေထဲမှာ အခုလိုနိုင်ငံရေးပါတီများနဲ့ တွေ့ဆုံမှုကနေရရှိတဲ့ အကြံဉာဏ်များကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်လုပ်ဆောင်ခဲ့တာလည်း လုပ်ငန်းစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။ အခုလိုတိုင်းပြည်အတွက် အရေးပါတဲ့အချိန်မှာလည်း အသွင်ကူးပြောင်းရေး ညင်သာချောမွေ့စေရေးအတွက် နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံရခြင်းပဲဖြစ်ပါတယ်။

အခုဆိုရင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ချီးကျူးဂုဏ်ပြုနေတာတွေ အများအပြားရှိနေပါပြီ။ ကျွန်တော့်အနေနဲ့ ကျွန်တော်အစဉ်ကတိပြုပြောကြားခဲ့တဲ့အတိုင်းပဲ လွတ်လပ်တဲ့ရွေးကောက်ပွဲများကို ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးကဏ္ဍကနေ ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ အခု အဲ့ဒီကတိအတိုင်းပဲ ဆောင်ရွက်ပေးခဲ့ပါပြီလို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်နှင့် ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံရေးပါတီ (၈၆)ပါတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**




ကြေးမုံစာတည်းရှုထောင့် ၁၆-၁၁-၂၀၁၅၊ တနင်္လာနေ့

## ဉာဏ်ရည်ဉာဏ်သွေးပြည့်စုံမှချမ်းသာ

မြန်မာလူမျိုးများမှာ ပင်ကိုအားဖြင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသူများဖြစ်သည်။ တစ်ထွာပြလျှင် တစ်လံမြင်တတ်ကြသူများဖြစ်သည်။ အရိပ်ပြလျှင် အကောင်မြင်တတ်သူများဖြစ်သည်။ အထူးသဖြင့် မျက်မှောက်ကာလ လူငယ်လူရွယ်များမှာ ပိုမို၍ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်မိပါသည်။

ထိုသို့ ဉာဏ်ရည်မြင့်မားသော အားသာချက်များရှိနေသော်လည်း အားနည်းချက်များလည်းရှိခဲ့သည်မှာ အမှန်ဖြစ်သည်။ မြန်မာတို့သည် မိမိကိုယ်ကိုအထင်ကြီးတတ်သည်။ သူတစ်ပါးပြောလျှင် ယုံလွယ်တတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်ကိုးစားမှု၊ အလေးထားမှု၊ ပူးပေါင်းဆောင်ရွက်မှု အားနည်းတတ်သည်။ ထိုအချက်များကြောင့်ပင် ကျွန်ုပ်တို့အောင်မြင်မှုများနှင့် အလှမ်းဝေးနေဆဲဖြစ်သည်ဟု ယူဆပါသည်။

လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေး၊ အောင်မြင်သူများဖြစ်ရေးသာမက လူလတ်၊ လူကြီးများအားလုံး ဉာဏ်ရည်ထက်မြက်မှု ငါးရပ်နှင့်ပြည့်စုံစေရေးတို့ကို ဒေါက်တာအောင်ထွန်းသက်က အခွင့်သင့်တိုင်း ဟောပြောပွဲများတွင် မကြာခဏထည့်သွင်းပြောကြားလေ့ရှိသည်ကို မှတ်သားမိသည်။ အောင်မြင်မှုကို ရယူပိုင်ဆိုင်လိုသူများအနေဖြင့် သင်ယူမှု၊ ခံယူမှုနှင့်ပတ်သက်သည့် ဉာဏ်ရည်၊ ရှင်သန်မှုနှင့်ပတ်သက်သည့် ဉာဏ်ရည်၊ မေတ္တာတရားနှင့်သက်ဆိုင်သည့် ဉာဏ်ရည်၊ လူတစ်ဦး၏လေးနက်သည့် အမွေအနှစ်နှင့်သက်ဆိုင်သည့် ဉာဏ်ရည်နှင့် မတူညီမှုကိုအားယူနိုင်သည့် ဉာဏ်ရည်ငါးမျိုးပိုင်ဆိုင်ထားသင့်ပါသည်။

ထိုဉာဏ်ရည် ငါးမျိုးတွင် Intelligence Quotient (IQ) သင်ကြားမှု၊ ခံယူမှုဉာဏ်ရည်ထက်မြက်မှုကို လူတိုင်းနားလည်ထားပြီးဖြစ်၍ အထွေအထူး ပြောဖွယ်မရှိချေ။ ကျန်လေးမျိုးအနက် Cultural Intelligence Quotient (CQ) ယဉ်ကျေးမှုဉာဏ်ရည်ထက်မြက်မှုမှာ အထူးလိုအပ်ပါသည်။ ယဉ်ကျေးမှုမတူသူများနှင့် ဆက်ဆံသောအခါ စိတ်ကျဉ်းသည် အလွန်အရေးကြီးပါသည်။ စိတ်ကျဉ်းမြင့်မားသူသည် မိမိ၏ယဉ်ကျေးမှုကိုမြတ်နိုးသကဲ့သို့ အခြားသူတို့၏ ယဉ်ကျေးမှုကိုလည်း လေးစားတန်ဖိုးထားပါသည်။ ယဉ်ကျေးမှုမတူသည့် အခြေအနေတွင် လိုက်လျောညီထွေစွာ နေနိုင်သူ၊ ဝင်ဆံ့သူ၊ နားလည်သူ၊ အသိအမှတ်ပြုသူ ဖြစ်သည်။

နောက်အရေးပါသော ဉာဏ်ရည်တစ်မျိုးမှာ Emotional Intelligence Quotient (EQ)ဟုခေါ်သည့် မိမိ၏ခံစားမှု၊ မိမိစိတ်ကိုသိသကဲ့သို့ အခြားသူတို့၏ စိတ်ခံစားမှုကိုလည်း နားလည်သိရှိခြင်းဖြစ်သည်။ အီးကျူမြင့်မားသူသည် ကိုယ်ချင်းစာစိတ်ရှိသူဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် ဗြဟ္မစိုရ်တရားမှ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ထားနိုင်သူဖြစ်သည်။

အကောင်းဆုံးသာဓကမှာ အိန္ဒိယအမျိုးသားခေါင်းဆောင် ဂန္ဒီ၏ဆောင်ရွက်ချက်ပင်ဖြစ်သည်။ ဂန္ဒီသည် တပည့်များနှင့်အတူ ဘူတာရုံတစ်ခုမှ ထွက်မည့်ရထားကို အမီလိုက်ရင်း စီးလာသည့်ဖိနပ်တစ်ဖက် ကျွတ်ကျခဲ့သည်။ ဖိနပ်ကျွတ်သည်ကိုသိလျှင်သိချင်း ဂန္ဒီက ကျန်သည့်တစ်ဖက်ကိုယူပြီး ကျသွားသည့်ဖိနပ်နှင့်အနီးဆုံးရောက်အောင် လွှင့်ပစ်လိုက်သည်။ သူ၏ လုပ်ရပ်ကို တပည့်များက အဘယ်ကြောင့် ဤသို့လုပ်သည်ကို မေးသောအခါ အခုကောက်ရသည့်သူက ဖိနပ်တစ်ရံအပြည့်ရပြီဟု ပြန်ပြောခဲ့သည်။

ထိုသာဓကသည် အီးကျူမြင့်မားမှုကို ပြသလိုက်ခြင်းဖြစ်သည်။ လောကတွင် အိုင်ကျူမြင့်မားသူများ ရှိကြသော်လည်း အီးကျူ မြင့်မားခြင်း မရှိကြချေ။ အိုင်ကျူမြင့်သော်လည်း အီးကျူနိမ့်သည့်သူများ များနေသေးသည်။ မိမိတို့၏ ခံစားမှုများကိုသာရှေ့တန်းတင်ပြီး တစ်ဖက်သား၏ အကြောင်း၊ တစ်ဖက်သား၏ ခံစားချက်များကို ထည့်မတွက်တတ်သူများ နေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ထိုထိုသောသူတို့မှာ အောင်မြင်မှုနှင့် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

အလားတူ အိုင်ကျူမြင့်ပြီး စီကျူနိမ့်ကျသူများလည်း အမြောက်အမြားရှိသည်။ မိမိယဉ်ကျေးမှုကိုသာ တန်ဖိုးထားပြီး သူတစ်ပါးယဉ်ကျေးမှုများကို နှိမ့်ချဆက်ဆံနေကြသူများလည်း ရှိနေသေးသည်။ ကျွန်ုပ်တို့မြန်မာများ အိုင်ကျူမနိမ့်ကြသော်လည်း အီးကျူ၊ စီကျူများမြင့်မားအောင် ဆက်လက်အားထုတ်မှသာလျှင် ပိုမိုကောင်းမွန်သောဘဝများအား ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ။

## ရေဘေးနှင့် မြေပြိုဒေသများရှိစာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေး ဂျပန်က ယန်းငွေသန်း ၁၅၀၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း စီမံချက်အတွက် ဂျပန်နိုင်ငံအစိုးရက ဂျပန်ယန်းသန်း ၁၅၀၀ အကူအညီပေးရေးဆိုင်ရာသဘောတူစာချွန်လွှာကို နိုဝင်ဘာ ၁၃ ရက်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး *Mr. Tateshi Higuchi* တို့ကလက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြပြီး အလှူငွေကိုမြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများ၊ သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုသောဒေသများရှိ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပြုပြင်ရာတွင် အသုံးပြုသွားမည်ဖြစ်သည်။

အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုလက်မှတ်ရေးထိုးသောစာချွန်လွှာအပါအဝင် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ *(Exchange of Notes)* ရှစ်ခုကိုလက်မှတ်ရေးထိုးခဲ့ပြီး ယင်းစာချွန်လွှာများအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်များအတွက် ဂျပန်ယန်းသန်း ၁၂၅၅၀ ကို ဂျပန်နိုင်ငံ အစိုးရမှ ပေးအပ်ရန်သဘောတူပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ဖြူးပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင် ၉၅ ရာခိုင်နှုန်းကျော်ဆောက်လုပ်ပြီးစီး

**ဖြူး နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိ နှစ်ထပ်သံကူကွန်ကရစ်တိုးချဲ့လူနာဆောင်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၁၄ ရက်အထိ ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ ယခုလကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါဆေးရုံသို့ မြို့နယ်ချင်းစပ်မြို့နယ်များဖြစ်သည့် ကျောက်တံခါးမြို့နယ်၊ ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ ပြည်သူများက လာရောက်ဆေးကုသမှုခံယူနေကြသဖြင့် နေ့စဉ် အတွင်းလူနာ ၂၀၀ ခန့်လက်ခံကုသပေးနေရကာ လူနာများနှင့် လူနာစောင့်များမှာ နေရာထိုင်ခင်း ခက်ခဲလျက် ရှိနေကြသည်။

ထိုသို့ ခက်ခဲနေမှုကြောင့် နိုင်ငံတော်အစိုးရမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုငွေကျပ်သိန်း ၂၄၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။



အဆိုပါတိုးချဲ့နှစ်ထပ်လူနာဆောင် ပြီးစီးပါက အပေါ်ထပ်တွင် လူနာ ၄၀၊ အောက်ထပ်တွင် လူနာ ၄၀ လက်ခံကုသနိုင်မည်ဖြစ်ပြီး လူနာနှင့် လူနာစောင့်များ နေရာအခက်အခဲ အထိုက်အလျောက် အဆင်ပြေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

## နတ်နန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများ ရွာသစ်ဖော်ထုတ်သည့်နေရာတွင် ပြောင်းရွှေ့နေထိုင်လာ

**ကလေး နိုဝင်ဘာ ၁၅**

ကလေးဒေသတွင် ရေကြီးရေလျှံမှု ခံစားခဲ့ရသည့် ပြည်သူများအတွက် ရေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် ရွှေ့ပြောင်းရွာသစ်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ နတ်နန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအနေဖြင့် ရွာသစ်ဖော်ထုတ်သည့်နေရာတွင် ပြောင်းရွှေ့နေထိုင်လာကြကြောင်း သိရသည်။

ယင်းသို့ ပြောင်းရွှေ့နေထိုင်လာကြသော နတ်နန်းကျေးရွာမှ ရေဘေးသင့်ပြည်သူများသည် မိသားစုဝင်ငွေတိုးပွားရေးအတွက် ရက်ကန်းစင်များ ပြန်လည်တည်ထောင်ကြပြီး ယခုအခါ ရက်ကန်းစင် ၆၀ ထိရှိလာပြီဖြစ်ရာ မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းဖြင့် ဝင်ငွေရှာဖွေလာနိုင်ကြပြီ ဖြစ်သည်။



ရေဘေးကြောင့် အိုးအိမ်ပျက်စီးသူများအားလုံး အဆိုပါ နတ်နန်းရွာသစ်သို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ကြရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ကျေးရွာတာဝန်ခံနှင့် ကျေးလက်ဒေသခံပြည်သူများအား နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းတွင် သွားရောက်တွေ့ဆုံခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဂျိုးနက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းမှူးများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

ထပ်လောင်းပြောကြားလိုပါတယ်။ ရွေးကောက်ပွဲများကို လွတ်လပ်စွာ ကျင်းပနိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်အောင်မြင်မြင်နဲ့ ရှေ့ကိုဆက်သွားနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရတာဝန်ယူချိန်ကစပြီး နိုင်ငံရေးဖြစ်စဉ်မှာ ပြည်သူတွေ တက်ကြွစွာပါဝင်လာနိုင်ရေးအတွက် လိုအပ်တဲ့ နိုင်ငံရေးဖြေလျှော့မှုတွေ၊ မီဒီယာလွတ်လပ်ခွင့်တွေနဲ့ အုပ်ချုပ်ရေးပုံစံတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ပြည်သူတွေ နိုင်ငံရေးမှာ နိုးကြားစွာပါဝင်လာခြင်းမှာ နိုင်ငံရေးပါတီများရဲ့ အင်အားကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ဒီနေရာကနေ နိုင်ငံရေး ပါတီများရဲ့ အခန်းကဏ္ဍကိုလည်း ဂုဏ်ပြုအသိအမှတ်ပြု ပြောကြားလိုပါတယ်။

ငါးနှစ်အတွင်းဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကနေ အသွင်ကူးပြောင်းရေးအတွက် အရေးကြီးတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို ကျွန်တော်တို့ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုကျင်းပတဲ့အခါမှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနဲ့ အောင်မြင်မှုရှိစွာ ကျင်းပနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်၊ ပါဝင်ယှဉ်ပြိုင်ကြတဲ့နိုင်ငံရေးပါတီများ၊ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ၊ ပါဝင်ကူညီခဲ့ကြသူများနဲ့ မဲဆန္ဒရှင်ပြည်သူလူထုကြီးကိုလည်း ဂုဏ်ပြုအပ်ပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကျန်ရှိနေသေးတဲ့အစိုးရသက်တမ်းကာလအတွင်းမှာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ပြီး အသွင်ကူးပြောင်းရေးကို ချောမွေ့အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒုတိယအကြိမ်လွှတ်တော်များ စတင်ကျင်းပဖို့ဖိတ်ကြားမှာဖြစ်ပါတယ်။ လွှတ်တော်များအနေနဲ့ ဆောင်ရွက်ရန်ရှိသည်များကို အဆင့်ဆင့်ဆောင်ရွက်ပြီးတဲ့အခါမှာ ပေါ်ပေါက်လာမယ့်အစိုးရအဖွဲ့သစ်ထံကို သတ်မှတ်ချိန်အတွင်း စနစ်တကျ တာဝန်လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုမရှိစေဖို့နဲ့ တည်တည်ငြိမ်ငြိမ်နဲ့ ချောချောမွေ့မွေ့ဖြစ်စေဖို့ ဆောင်ရွက်မှာဖြစ်တယ်လို့ ထပ်မံပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့ တာဝန်ယူတဲ့ငါးနှစ်တာကာလသက်တမ်းအတွင်းမှာ ဆောင်ရွက်ရန်ရှိသည်များကို အကောင်းဆုံးဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အထူးသဖြင့်တော့ နိုင်ငံရေးအရကြည့်မယ်ဆိုရင် နိုင်ငံရေးအင်အားစုတွေအကြားမှာ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းနဲ့ အဖြေရှာတဲ့နိုင်ငံရေးယဉ်ကျေးမှုသစ် အကောင်အထည်ပေါ်လာအောင်ဆောင်ရွက်ခဲ့ပါတယ်။ ငွေလဲနှုန်း၊ လွတ်လပ်တဲ့ ဗဟိုဘဏ်နဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေတွေကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ခဲ့သလို အခုဆိုရင်အရှိန်အဟုန်ပြင်းပြင်းနဲ့ ဝင်ရောက်လုပ်ကိုင်ဖို့ အလားအလာကောင်းတွေတွေ့မြင်နေရပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကဏ္ဍမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့များအနေနဲ့လည်း ပါဝင်လာနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီစာချုပ်မှာ အဓိကအားဖြင့် လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေး ဆွေးနွေးပွဲများကနေတစ်ဆင့် အတူတကွဝိုင်းဝန်းတည်ဆောက်ဖို့ဆိုတဲ့ နိုင်ငံရေးအာမခံချက်တွေ ပါဝင်ပါတယ်။ ဒီတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) သည် ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်တစ်ခုအနေနဲ့ အကောင်းဆုံးချန်ထားရစ်နိုင်ခဲ့တာဖြစ်ပါတယ်။ မကြာမီမှာ NCA သဘောတူညီချက် အချိန်ဇယားများအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်ဖို့လည်း ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်တဲ့အတွက် နောင်ပေါ်ပေါက်လာမယ့် အစိုးရအနေနဲ့ ဒီအခြေခံကောင်းတွေအပေါ်မှာ အကောင်းဆုံးဆက်လက်ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲများသည် အဓိကကျသော်လည်း ဒီရွေးကောက်ပွဲများဟာ သက်တမ်းအလိုက် အမြဲရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့စနစ်အရဆိုရင် ငါးနှစ်မှာတစ်ခါ ရွေးချယ်နေကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲရလဒ်များဟာ ပြည်သူလူထုရဲ့အဆုံးအဖြတ်ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများဟာလည်း ရွေးကောက်ပွဲများမှာ နိုင်တဲ့ပါတီရှိမယ်၊ ရှုံးတဲ့ပါတီရှိမယ်။ သို့သော်လည်း ဒီမိုကရေစီစနစ်ဖြစ်တဲ့အတွက် ရွေးကောက်ပွဲမှာအများစုအနိုင်ရပါတီများဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ရမှာဖြစ်သလို အနည်းစုသာ အနိုင်ရတဲ့ပါတီများအနေနဲ့ကလည်း ဒီမိုကရေစီရဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်တဲ့ Check and Balance မပျောက်စေဖို့အတွက် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရွေးကောက်တင်မြှောက်ခြင်းမခံရတဲ့ ပါတီများအနေနဲ့ကလည်း လွှတ်တော်ပြင်ပနိုင်ငံရေးအနေနဲ့ ထိန်းကျောင်းသွားရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် ဒီမိုကရေစီစနစ်ဟာ အသက်ဝင်ရှင်သန်နေမှာဖြစ်ပါတယ်။ ဒါကြောင့် အပြန်အလှန်ထိန်းကျောင်းခြင်းဖြစ်စဉ် အားကောင်းနေစေဖို့အတွက် နိုင်ငံရေးပါတီအားလုံးအနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့ ဒီကနေတိုက်တွန်းလိုပါတယ်။

တစ်ဖန် ကျွန်တော်တို့တိုင်းပြည်ဟာ အသွင်ကူးပြောင်းရေးဆောင်ရွက်နေတဲ့နိုင်ငံဖြစ်တဲ့အားလျော်စွာ အသွင်ကူးပြောင်းရေးအောင်မြင်ဖို့အတွက် အစိုးရနဲ့ လွှတ်တော်တို့မှာသာ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံရေးအင်အားစုတိုင်းမှာ တာဝန်ရှိနေပါတယ်။ ဒါကြောင့် အသွင်ကူးပြောင်းရေး ပြီးမြောက်အောင်မြင်ဖို့ နိုင်ငံရေးပါတီတွေရဲ့အားက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေပါသေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ အခြေအနေအရ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း နိုင်ငံရေးပါတီများရဲ့အခန်းကဏ္ဍလိုအပ်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကနေ ပေါ်ပေါက်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲများမှာ နိုင်ငံရေးအင်အားစုအသီးသီးအနေနဲ့ မိမိတို့ကိုယ်စားပြုမယ့် အခန်းကဏ္ဍအလိုက် ပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ပတ်သက်ပြီး ပြင်ဆင်ထားကြရမယ်ဆိုတဲ့ အချက်ကိုလည်း မီးမောင်းထိုးပြလိုပါတယ်။

ရွေးကောက်ပွဲများရှိနေတာနဲ့အမျှ နိုင်ငံရေးပါတီများအနေနဲ့ အနိုင်အရှုံးဆိုတာလည်း ရှိနေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲတစ်ခုပြီးတိုင်းမှာလည်း ပြည်သူလူထုများရဲ့ ရွေးချယ်မှုဟာ အနည်းနဲ့အများ ပြောင်းလဲနေမှာဖြစ်ပါတယ်။ မည်သို့ပင်ပြောင်းလဲစေကာမူ အမှန်တကယ်အရေးကြီးတာကတော့ တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေစေဖို့ပဲဖြစ်ပါတယ်။ ဒါကတော့ အစိုးရတိုင်းကလုပ်ဆောင်ရမယ့်တာဝန်ပဲဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေဖို့အတွက်တော့ အားလုံးကဆောင်ရွက်နေရမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို စတင်လျှောက်လှမ်းစ၊ တစ်နည်းအားဖြင့် စနစ်ဟောင်းကနေ စနစ်သစ်ကိုကူးပြောင်းနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် အပြောင်းအလဲမှာ စနစ်တကျနဲ့ သိမ်သိမ်မွေ့မွေ့ ကူးပြောင်းဖို့လိုပါတယ်။ တစ်ဖန်ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားနဲ့ ကမ္ဘာ့နိုင်ငံရေးဆိုတာတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရနဲ့ တိုင်းပြည်မှာဖော်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များအတွက် ဒီကိစ္စတွေဟာ အလွန်အရေးကြီးပါတယ်။ အစိုးရတာဝန်ကို ထမ်းဆောင်မယ့်ပုဂ္ဂိုလ်များအနေနဲ့ ဒီအချက်ကို အထူးအလေးအနက်ထား ဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ရွေးကောက်ပွဲမတိုင်မီကတည်းက ကျွန်တော် ရေဒီယိုမိန့်ခွန်းမှာ ကတိပေးပြောကြားခဲ့တဲ့အတိုင်းပဲ ရွေးကောက်ပွဲရလဒ်များသည် ပြည်သူများရဲ့ဆန္ဒကို ထင်ဟပ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်မှာတော့ အသွင်ကူးပြောင်းရေးမှာ ချောချောမွေ့မွေ့ ဖြစ်ဖို့လိုတယ်။ တိုင်းပြည်အနေနဲ့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ကိုတက်လှမ်းနိုင်ဖို့ လာမယ့်အနာဂတ်ရွေးကောက်ပွဲတွေဟာ ပိုမိုစနစ်ကျလာရမယ်။ ဒီမိုကရေစီစံနှုန်းတွေ မြင့်မားလာရမယ်ဆိုတဲ့ ဦးတည်ချက်များအတွက် ဒီကနေ့ကျွန်တော်တို့ နိုင်ငံရေးအင်အားစုများအားလုံးမှာ တာဝန်ရှိပါတယ်။

ဒီလိုအရေးပါတဲ့အခိုက်အတန့်မှာ ကျွန်တော်တို့အားလုံးရဲ့ဆင်ခြင်သုံးသပ်နိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနဲ့ အမြော်အမြင်ကြီးမှုများက အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီကနေ့ကြွရောက်လာတဲ့ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအနေဖြင့်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်ဖို့၊ ပိုမိုငြိမ်းချမ်းသာယာဖို့၊ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့အားလုံး အတူတူလက်တွဲပြီး ပိုမိုကြိုးစားဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

**ရွေးကောက်ပွဲပြီးတဲ့နောက်မှာတော့ အသွင်ကူးပြောင်းရေးမှာ ချောချောမွေ့မွေ့ဖြစ်ဖို့လိုတယ်။ တိုင်းပြည်အနေနဲ့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ကို တက်လှမ်းပြီး လာမယ့်အနာဂတ်ရွေးကောက်ပွဲတွေဟာ ပိုမိုစနစ်ကျလာရမယ်။ ဒီမိုကရေစီစံနှုန်းတွေ မြင့်မားလာရမယ်ဆိုတဲ့ ဦးတည်ချက်များအတွက် ဒီကနေ့ ကျွန်တော်တို့နိုင်ငံရေးအင်အားစုများအားလုံးမှာ တာဝန်ရှိပါတယ်။**

# နောင်ဆက်တာဝန်ယူမယ့် အများစုနိုင်တဲ့ နိုင်ငံရေးပါတီနဲ့ အစိုးရအဖွဲ့ကလည်း ပါတီငယ်လေးတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ အကြံဉာဏ်ယူတဲ့အစဉ်အလာကို ဆက်ပြီးထိန်းသိမ်းသွားနိုင်မယ်လို့ မျှော်လင့်တယ်

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၏ ပြောကြားချက်များကို ပြန်လည်ကောက်နုတ်ဖော်ပြအပ်ပါသည်။**

“ဒီနေ့အစည်းအဝေးနဲ့ပတ်သက်ပြီး သမ္မတကြီးရဲ့ ရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲမှာအနည်းစုပေ့ါလေ။ အနည်းစုပဲအနိုင်ရတဲ့ပါတီတွေ၊ လုံးဝအနိုင်ရရှိခြင်းမရှိတဲ့ ပါတီတွေ တွေ့ဆုံဆွေးနွေးတာပေ့ါ။ အဓိကအားဖြင့် ဘာလဲဆိုတော့ တစ်ကတော့ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ရွေးကောက်ပွဲတွေဆိုတာ အကြိမ်ကြိမ်ဖြစ်နေဦးမှာပါ။ အဲတော့ရွေးကောက်ပွဲတစ်ကြိမ်မှာ မနိုင်တာနဲ့ ပါတီတွေ ပျောက်ကွယ်သွားတယ်ဆိုတာ မဖြစ်သင့်ဘူး။ ဒါကြောင့်မို့ ဒီပါတီတွေအနေနဲ့ လွှတ်တော်ထဲရောက်တဲ့ပါတီတွေကလည်း လွှတ်တော်ထဲမှာ ဟန်ချက်ညီညီ ထိန်းကျောင်းတဲ့ အလုပ်ကိုဝင်လုပ်ဖို့၊ လွှတ်တော်ပြင်ပမှာရှိတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ပျောက်ကွယ်မသွားဘဲနဲ့ လွှတ်တော်ပြင်ပကနေပြီးတော့မှ အုပ်ချုပ်ရေးမဏ္ဍိုင်တို့၊ တရားဥပဒေပြုရေးမဏ္ဍိုင်တို့ကို ဝိုင်းဝန်းထိန်းကျောင်းပေးဖို့ ဒါကို တိုက်တွန်းတာပါ”။

“နှစ်ကတော့ ကျွန်တော်တို့ အဓိကအားဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ နိုင်ငံရေးပါတီတွေရဲ့ အမြင်တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ရှိတယ်။ ဒါကြောင့်မို့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း အဲဒီကိစ္စအတွက် ပြင်ဆင်ထားဖို့ ဆိုပြီးတော့ အားပေးတာပေ့ါ။ နောက်တစ်ခုကတော့ ကျွန်တော်တို့က ဒီလိုပါတီတွေနဲ့ တွေ့ခြင်းအားဖြင့် ကြားကာလမှာ ကျွန်တော်တို့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်လို့ ပါတီတွေရဲ့အကြံဉာဏ်ကိုလည်း တောင်းခံတာပေ့ါ။ အဲဒီလို တောင်းခံတဲ့အခါမှာလည်း သမ္မတကြီးပြောသလိုပဲ တချို့ဟာတွေက ကျွန်တော်တို့ လက်ထက်မှာ လုပ်ပေးလို့ရမယ့်လုပ်ငန်းတွေရှိတယ်။ တချို့ရေရှည်လုပ်ရမယ့်လုပ်ငန်းတွေက နောင်တာဝန်လွှဲပြောင်းတဲ့အခါမှာ ထည့်ပြီးလွှဲပြောင်းပေးရမယ့် လုပ်ငန်းတွေရှိတာပေ့ါ။ အဓိကရည်ရွယ်ချက်ကတော့ ဒါပါပဲ။”

“ဒါကို ဘာဖြစ်လို့ သမ္မတကြီးက ပါတီတွေအများကြီးနဲ့ တွေ့ဆုံရသလဲဆိုရင် ပြန်ကြည့်လိုက်ရင် တွေ့ပါလိမ့်မယ်။ သမ္မတကြီး တာဝန်ယူတဲ့ တစ်လျှောက်လုံးမှာ နိုင်ငံရေးပါတီတွေအားလုံးနဲ့တွေ့ဆုံပြီးတော့ နားထောင်တယ်။ နားထောင်တယ်ဆိုတာ ဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာက စိန်ခေါ်မှုတွေအများကြီးရှိတဲ့အခါမှာ အလိုအပ်ဆုံးက ကျွန်တော်တို့အသိုင်းအဝိုင်းမှာ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုတည်ဆောက်ဖို့လိုတယ်။ ယုံကြည်မှု တည်ဆောက်ဖို့အတွက် တွေ့ဆုံစကားပြောခြင်းတွေနဲ့ပဲ ရနိုင်တယ်။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးတယ်ဆိုတဲ့ ယဉ်ကျေးမှုတစ်ရပ်ကို ထူထောင်တဲ့အခါမှာ ပါတီကြီးသည် ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ လူမျိုးကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ အားလုံးနဲ့ ထိတွေ့ဆက်ဆံတယ်။ သူတို့ရဲ့အကြံဉာဏ်တွေကို နားထောင်တယ်။ နားထောင်ပြီးတော့မှ အစိုးရအဖွဲ့ မူဝါဒတွေမှာ အသုံးချတယ်။ တကယ်လို့ ဒီလိုမျိုးလုပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လုပ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တို့၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တို့၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ ဒီလိုဆွေးနွေးပွဲတွေကရတဲ့ အကျိုးရလဒ်တွေကို အများကြီး အသုံးချနိုင်တယ်။ ကျွန်တော်တို့လက်ထက်မှာ တွေ့သလိုပဲ နောင်ဆက်တာဝန်ယူမယ့် အများစုနိုင်တဲ့ နိုင်ငံရေးပါတီနဲ့ အစိုးရအဖွဲ့အနေနဲ့လည်း ပါတီငယ်လေးတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ အကြံဉာဏ်ယူတဲ့ အစဉ်အလာကို ဆက်ပြီးထိန်းသိမ်းသွားနိုင်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။”

**(သီသီမင်း)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ဦးရဲထွဋ်ဖေ့စ်ဘွတ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

### ❂ နိုင်ငံတော်သမ္မတမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းကို ရှေ့ဖုံးနှင့် စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံတော် ပိုမိုတည်ငြိမ်ရေး၊ ငြိမ်းချမ်းသာယာ ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင် ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ NCA သဘောတူညီချက်နှင့်အညီ အချိန်ဇယားများအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရေး၊ ရွေးကောက်ပွဲအလွန်ကာလ အသွင်ကူးပြောင်းရေးတွင် ချောချောမွေ့မွေ့ဖြစ်စေရေး၊ အနာဂတ်တွင် ဒီမိုကရေစီစံနှုန်းများ ပိုမိုမြင့်မားလာစေရေးနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍပိုမိုပါဝင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံရေးပါတီများ၏ တင်ပြဆွေးနွေးမေးမြန်းချက်များကို ကဏ္ဍအလိုက် အသေးစိတ်ပြန်လည်ဆွေးနွေးပြီး တွေ့ဆုံပွဲကို နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

### ❖ ဝန်မြစ်မှ

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ယခင်နှစ်များအတွင်းမြစ်ရေကြီးခဲ့သော်လည်း ယခုကဲ့သို့နေအိမ်များရှိရာတွင် မြစ်ကမ်းပါးပြိုကျမှု မရှိခဲ့ဖူးကြောင်း၊ အခြားရေမြုပ်ကွင်းကမ်းပါးများတွင်သာ အဖြစ်များခဲ့ကြောင်း၊ ယခုနှစ်တွင် ဝန်မြစ်ရေသည် ထူးခြားစွာ သုံးကြိမ်ဆက်တိုက် မြင့်တက်ခဲ့ပြီး မြစ်ရေကျဆင်းသွားချိန်တွင် ယခုကဲ့သို့ ပြိုကျမှုဖြစ်ပေါ်ခဲ့ရကြောင်း၊ ယခုဖြစ်စဉ်တွင် ကျေးရွာနေပြည်သူများက အချိန်မီသတင်းပေးပို့ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့၍ အသက်အန္တရာယ်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိခဲ့သည့်အပြင် ယာယီရွှေ့ပြောင်းနေထိုင်မှုတွင်လည်း အခက်အခဲမရှိပါကြောင်းနှင့် ဝန်မြစ်ကမ်းပါးအခြေအနေကိုလည်း ဆက်လက်စောင့်ကြည့်နေကြပြီး သက်ဆိုင်ရာအဆင့်ဆင့်သို့ အခြေအနေအရပ်ရပ်ကို တင်ပြထားပါကြောင်း ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

■

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံပွဲအပြီး နိုင်ငံရေးပါတီများ၏ သဘောထားအမြင်များ

တွေ့ဆုံမေးမြန်း- မင်းသစ်၊ သီသီမင်း
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန် နိုဝင်ဘာ ၁၅

**နိုင်ငံတကာနှင့် အရပ်ဘက်အဖွဲ့အစည်းများက အလေးထားစောင့်ကြည့်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုဝင်ဘာ ၈ ရက်က ငြိမ်းချမ်းစွာဖြင့် အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲအလွန်ကာလသည် တိုင်းပြည်အတွက်အရေးပါသည့်အချိန်ဖြစ်၍ အသွင်ကူးပြောင်းရေး ညင်သာချောမွေ့စေရန်အတွက် နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီအသီးသီးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**

**ဦးညဏ်ဝင်း**
**(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

ဒီနေ့လုပ်တဲ့တွေ့ဆုံပွဲမှာ သမ္မတကြီးက ကောင်းမွန်တဲ့အချက်အလက်တွေပေးလိုက်တာပါ။ အားလုံးလည်း ကြိုဆိုကြပါတယ်။ ငြိမ်းချမ်းရေးကိစ္စက သီးခြားဆွေးနွေးရမယ်ထင်တယ်။ ပထမအရေးကြီးတာက ဥပဒေနဲ့အညီအစိုးရသစ်ဖွဲ့ဖို့၊ ဒါနဲ့ပတ်သက်ပြီး သမ္မတကြီးက အရင်ကလည်းပြောတယ်။ အခုလည်း ပြောပါတယ်။ လက်ရှိအုပ်ချုပ်သွားတဲ့ အစိုးရရဲ့ ငါးနှစ်သက်တမ်းမှာ အားနည်းချက်၊ အားသာချက်တွေ စဉ်းစားရမှာ အများကြီးရှိတယ်။ ဘယ်သူပဲအုပ်ချုပ် အုပ်ချုပ် အမှားအယွင်း ချို့ယွင်းချက်ဆိုတာရှိမှာပဲ။ ဒါတွေကို မြင်ရမယ်။ ပြင်ရမယ်။ ကျွန်တော်တို့ပါတီအနေနဲ့ အမျိုးသားရင်ကြားစေ့ရေးကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**ဦးသန်းငွေ(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)**

အစိုးရအဖွဲ့ အလွှဲအပြောင်းကို



ဦးပါစီပြည်ဟိန်း

တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပါတီအားလုံး၊ နိုင်ငံတော်နဲ့ကမ္ဘာကို အသိပေးလိုက်တာပါ။ ရွေးကောက်ပွဲအပြီး ဆက်လုပ်သွားရမယ့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အခုမှ ပြောတာမဟုတ်ပါဘူး။ ရွေးကောက်ပွဲ မတိုင်ခင်ကတည်းက ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းအဖြစ်နဲ့ တိုင်းပြည်ကို ရုပ်သံတွေကနေ တစ်ဆင့်ပြောထားပါတယ်။ အဲဒါဘာလဲဆိုတော့ နိုင်ငံကိုခေတ်မီအောင် လုပ်ဖို့လိုတယ်။ ပွင့်လင်းမြင်သာတဲ့ လူမှုစနစ်တစ်ရပ် ထူထောင်ဖို့လိုတယ်။ တည်ငြိမ်အေးချမ်းအောင် ငြိမ်းချမ်းရေးအရ လုပ်ဖို့လိုတယ်။ ဒါတွေဟာ အာဏာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်တို့ဆက်လုပ်သွားမယ်။ ဒါက ပါတီတိုင်း၊ နိုင်ငံသားတိုင်းလုပ်ရမယ့်ကိစ္စ။ ဒီအတိုင်းပဲ ဆက်လက်ရပ်တည်သွားမယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာအေးမောင်**
**(ရခိုင်အမျိုးသားပါတီ)**

တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ကြီး ဖြစ်ချင်တယ်ဆိုတာတွေ၊ နောက်အာဏာလွှဲပြောင်းရေးကိစ္စတွေ အဲဒါတွေကို မူတည်ပြီး ဒီနေ့ဆွေးနွေးတာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ် NCA အဲဒီမှာ အားလုံးပါဝင်



ဦးထွယ်အောင်

တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ပဲ ဖြစ်မယ်။ ဒီလို အကူးအပြောင်းကာလလေးမှာ နောက်တစ်ဆင့်တက်မယ့် အစိုးရရဲ့ တာဝန်က အင်မတန်မှအရေးကြီးပါတယ်။ မပြီးဆုံးသေးတဲ့ NCA ကို အားလုံးပါဝင်အောင် ခြေလှမ်းလှမ်းပြီးမှ နောက်အစိုးရကို လက်ဆင့်ကမ်းရင် ကျွန်တော်တို့ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်မယ်ဆိုတဲ့ သဘောပါပဲ။ နောက်တစ်ခုက လွတ်လပ်ပြီး တရားမျှတတဲ့ ဒီရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့တာကလည်း အစိုးရရဲ့ တာဝန်ကျေမှုတစ်ရပ်ပါ။

ကျွန်တော်တို့နိုင်ငံဆိုတာ လူဦးရေလျှံကြနေတဲ့နိုင်ငံတွေ ပတ်လည်ဝိုင်းနေပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာ မပျောက်ပျက်ဖို့ အရေးကြီးတယ်။ အခုအစိုးရဆောင်ရွက်သလို လာမယ့်အစိုးရကလည်း ဒီအမျိုးသား အကျိုးစီးပွား၊ အမျိုးသားရေးစရိုက် လက္ခဏာ မပျောက်အောင်ထိန်းသိမ်းဖို့ တာဝန်ရှိတယ်။

**ဦးပါစီပြည်ဟိန်း (စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ)**

ကျွန်တော် တင်ပြခဲ့တာကတော့ မြစ်ဆုံကိစ္စပေါ့ဗျာ။ မြစ်ဆုံကိစ္စက သမ္မတကြီးက သူ့လက်ထက်မှာ ဆက်ပြီးမလုပ်ဘူးလို့ ပြောတယ်။ နောက် ဒေါ်အောင်ဆန်းစုကြည်



ဆလိုင်းလျှံမှုန်း

ကလည်း ဒါကို လုပ်သင့် မလုပ်သင့် ပြည်သူကိုချပြပြီးမှ လုပ်မယ်လို့ပြောတယ်။ ဘာမှ သေချာဆုံးဖြတ်ထားတာ မရှိသေးဘူး။ ဒါကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးဖို့တင်ပြတာပါ။ မြစ်ဆုံကိစ္စကတော့ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တယ်။ ဒါကို လုံးဝမလုပ်လေကောင်းလေပါ။ ကချင်ပြည်နယ်



ဦးညဏ်ဝင်း

တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်နိုင်ငံလုံး ဒုက္ခရောက်မယ့်ကိစ္စပါ။ NCA ဆွေးနွေးပွဲမှာ ပါတီ ၉၀ ကျော်ရှိရာ ၁၆ ဦးဆိုတော့ အလွန်နည်းနေတယ်။ အဲဒါလေးတွေ တင်ပြတာပါ။ ဒီအစိုးရလက်ထက်မှာ ပါတီတွေ လွတ်လွတ်လပ်လပ် လုပ်လို့ရတယ်။ နောက်အစိုးရသစ်က



ဦးအောင်မိုးဇော်

ဘယ်လိုမျိုး အာမခံချက်တွေရှိမလဲ။ ဒါကိုတင်ပြတာပါ။

**ဦးထွယ်အောင်(ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ)**

မတွေ့ရသေးတဲ့ ပါတီတွေအားလုံးကိုတွေ့ပြီး အမြင်ချင်းဖလှယ်ကြတာ ကောင်းမွန်တယ်လို့ထင်တယ်။ ကျွန်တော်တို့က စစ်ပွဲတွေနဲ့ပတ်သက်



ဦးသန်းငွေ

ပြီး ငြီးငွေ့နေပြီ။ စစ်ပွဲတွေရပ်ပေးပါ။ ကျွန်တော်တို့ ပါတီတွေအနေနဲ့ တောင်းဆိုတာတွေရှိတယ်။ ငြိမ်းချမ်းရေးကို ပိုပြီးအကောင်အထည်ဖော်ရမယ်လို့ ယူဆတယ်။ ပါတီအနေနဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေတဲ့ ပါတီဖြစ်ပါတယ်။ တက်လာမယ့် အစိုးရကလည်း ဖက်ဒရယ်ပြည်ထောင်စုကို အကောင်အထည်ဖော်မယ်ဆိုတာ ကတိတည်စေချင်တယ်။ အမှန်တကယ်လည်း အကောင်အထည်ဖော်မယ်လို့ ယုံကြည်တယ်။

**ဆလိုင်းလျှံမှုန်း**
**(ချင်းအမျိုးသားတပ်ဦး)**

ဒီဆွေးနွေးပွဲမှာ နိုင်ငံရေးပါတီအများအပြားက ငြိမ်းချမ်းရေးဖြစ်စဉ်အရေးကြီးတယ်ဆိုတာ ဆွေးနွေးသွားတော့ ဝမ်းသာစရာပါ။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အားလုံးလက်မှတ်မထိုးနိုင်တဲ့အပေါ် အားလုံးလက်မှတ်ထိုးနိုင်ဖို့ တိုက်တွန်းပြောကြားသွားတာ ဝမ်းသာတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးပါဝင်မှုလည်း ဖြစ်မှာပါ။ လက်မှတ်မထိုးနိုင်သေးတဲ့အဖွဲ့တွေ အားလုံးကလည်း NCA ကို မကြိုက်လို့ မဟုတ်ပါဘူး။ NCA စာချုပ်ဆိုတာ အားလုံးသဘောတူရေးဆွဲထားတဲ့ စာချုပ်ပါ။



ဒေါက်တာအေးမောင်

ဒါပေမယ့် အခြေအနေအမျိုးမျိုးကြောင့် လက်မှတ်မထိုးနိုင်သေးတာပဲဖြစ်တယ်။ သူတို့အားလုံး ပါဝင်လာရေးကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်တက်လာမယ့် အစိုးရကလည်း ဒီဖြစ်စဉ်မှာ တစ်တပ်တစ်အား ပါဝင်မယ်လို့ မျှော်လင့်ပါတယ်။ လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရပါတီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားရင်ကြားစေ့ရေးကို ဆက်လုပ်မယ်ဆိုတော့ ဒါဟာ တိုင်းပြည်မှာ အလိုအပ်ဆုံးမူနဲ့ ပေါ်လစီဖြစ်ပါတယ်။

**ဦးအောင်မိုးဇော်**
**(လူ့အောင်သစ် ဒီမိုကရက်တစ်ပါတီ)**

သမ္မတကြီး အုပ်ချုပ်သွားတဲ့ ငါးနှစ်သက်တမ်းမှာ ငြိမ်းချမ်းရေးလိုကိစ္စမျိုး၊ အသွင်ကူးပြောင်းရေးကိစ္စမျိုးတွေကို အစပြုတယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် ရှေ့ကို ဆက်ပြီးသွားဖို့ကတော့ တစ်စုံတစ်ရာတန့်နေတယ်လို့ ထင်တယ်။ ယနေ့ကာလမှာ ကျောင်းသားပဲဖြစ်ဖြစ်၊ နိုင်ငံရေးအကျဉ်းသားပဲဖြစ်ဖြစ် အကျဉ်းထောင်တွေထဲမှာ မရှိသင့်တော့ဘူး။ သမ္မတကြီးအနေနဲ့ တာဝန်ယူနေတဲ့ကာလမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ ဒီနေ့တင်ပြခဲ့ပါတယ်။ ■

---

## လျှပ်စစ်ဓာတ်အားခများပေးဆောင်ရာတွင်အဆင်ပြေစေရန် မြို့နယ်အတွင်းလှည့်လည်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏လမ်းညွှန်မှုနှင့်အညီ တာမွေမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားသုံးစွဲခပေးဆောင်ရာ၌ အဆင်ပြေစေရေးအတွက် နိုဝင်ဘာလမှစ၍ မြို့နယ်အတွင်း လှည့်လည်နှိုးဆော်အသိပေးပြီး ကောက်ခံဆောင်ရွက်လျက်ရှိကြောင်း နိုဝင်ဘာ၁၅ရက်ကတွေ့ရသည်။

မော်တော်ယာဉ်နဲ့ မြို့နယ်ထဲမှာလှည့်ပြီး ဓာတ်အားခကောက်ခံတဲ့ ဝန်ဆောင်မှုလုပ်ငန်းကို Titan Source Co.,Ltd. မှ ဓာတ်အားသုံးစွဲတဲ့ ပြည်သူတွေအတွက်အဆင်ပြေစေဖို့ ဆောင်ရွက်စေတာပါ။ လစဉ် ၁၂ ရက်ကနေပြီး ၂၃ ရက်ထိ မနက် ၉ နာရီမှ ညနေ ၃ နာရီထိ လှည့်လည်ပြီး ကောက်ခံပေးပါမယ်။ ဓာတ်အားခပေးဆောင်တဲ့နေရာဌာနကိုလည်း နှစ်နေရာခွဲထားပါတယ်။ နီးစပ်တဲ့နေရာမှာမစောင့်ဆိုင်းရဘဲ အဆင်ပြေအောင်လုပ်ပေးထားပါတယ်။ နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်းလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအုပ်ချုပ်ရေးမှူးရုံးနဲ့ ကျောက်မြောင်းအရှေ့ရပ်ကွက်အထက(၂)အနီးမှာရှိတဲ့ ဓာတ်အားခွဲရုံတို့မှာ ဓာတ်အားခပေးဆောင်နိုင်အောင် နံနက် ၉ နာရီကနေ ညနေ ၃ နာရီထိ ဆောင်ရွက်ထားပါတယ်”ဟု မန်နေဂျာဦးကျော်စန်းက ရှင်းပြသည်။

မော်တော်ယာဉ်နဲ့ လှည့်လည်ကောက်ခံပေးတယ်ဆိုတာကို အလွန်သဘောကျပါတယ်။ စနေနဲ့တနင်္ဂနွေနေ့တွေမှာ လှည့်ပြီးကောက်ခံပေးမယ်။ မပျက်ကွက်ဘူးဆိုရင် ပိုကောင်းပါတယ်။ ဝန်ဆောင်ခ ကျပ် ၃၀၀ ကလည်း မျှတပါတယ်။ ကိုယ်တိုင်သွားဆောင်ရင်လမ်းစရိတ်က ဒီ့ထက်လည်းကုန်ကျတယ်၊ အချိန်ကုန်လူပန်းဖြစ်ပါတယ်။ မိမိတို့ရဲ့အိမ်ရှေ့ထိလာပြီး ဝန်ဆောင်မှုလုပ်ပေးတာကျေးဇူးတင်ပါတယ်”ဟု တာမွေလေး ရပ်ကွက်ပိတောက်ရွှေဝါလမ်းတိုက်(၂၈)တွင်နေသည့် ဦးကျော်ဇောအောင်က ပြောသည်။

Titan Source Co.,Ltd. မှ ဓာတ်အားခများ မော်တော်ယာဉ်ဖြင့် ကောက်ခံရာတွင်အရှုံးအမြတ်မတွက်ဘဲ ဓာတ်အားသုံးစွဲသည့် မိဘပြည်သူများ



အလွယ်တကူပေးဆောင်နိုင်ရေးကိုသာ အဓိကထားမည်ဖြစ်ပြီး ရပ်ကွက်များအတွင်း တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် လှည့်လည်ဝန်ဆောင်မှုပေးသွားမှာဖြစ်ကြောင်း၊ တဖြည်းဖြည်းနှင့် ဝန်ဆောင်မှုကို ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး သိလိုသည်များ ဆက်သွယ်မေးမြန်းလိုပါက ဖုန်း ၀၉ ၇၈၅၄၄၁၄၆၉ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (၁၉၇)

ပြည်တွင်းရေးရာ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနမိသားစုများ၏ ပဉ္စမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာန မိသားစုများ၏ ပဉ္စမအကြိမ် မဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့်မြသပိတ် ဆွမ်းတို့ကို ကပ်လှူပူဇော်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာန မိသားစုများ၏ ပဉ္စမအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော် ၇၂ ပါး ကြွရောက်ချီးမြှင့်တော်မူ ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။



ယင်းနောက် မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ် အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့် တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က မဟာဝိဇိတာရုံ ဆရာတော်ကြီးထံ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်း ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ရေဆင်း ကန်ဦးဆရာတော်ထံသို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်တို့ထံသို့ လည်းကောင်း သင်္ကန်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ် တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့် ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊လေ) ရုံး/ဌာန မိသားစုများ၏ ပဉ္စမအကြိမ် မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး/ ဌာနများမှ ပဒေသာပင်စုစုပေါင်း ၈၀ ခု၊ တန်ဖိုးငွေကျပ် ၆၅၂ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

**(မြဝတီ)**

**✻ ကျောဖုံးမှ**

ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မန္တလေးခရိုင်အတွင်း၌ ယာဉ်မတော်တဆမှု ဖြစ်စဉ်များလျော့နည်းကျဆင်းလာသည့်မှတ်တမ်းများအရ သိရသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယာဉ်မတော်တဆဖြစ်ပွားမှု ၃၃၈ မှုတွင် သေဆုံးသူ ၁၄၅ ဦး၊ ဒဏ်ရာရရှိသူ ၃၆၀ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယာဉ်မတော်တဆဖြစ်ပွားမှု ၂၄၇ မှုတွင် သေဆုံးသူ ၁၃၈ ဦး၊ ဒဏ်ရာရရှိသူ ၂၃၄ ဦးရှိခဲ့ရာ နှစ်အလိုက် ကာလတူ နှိုင်းယှဉ်ချက်အရ ဖြစ်ပွားမှုနှုန်းများလျော့နည်းကျဆင်းသည်ကို တွေ့ရှိရမှာ ဖြစ်သည်။

ထိုသို့လျော့နည်းကျဆင်းရခြင်းမှာလည်း မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီနှင့်အတူ သက်ဆိုင်ရာဌာနများ၏ စည်းကမ်းညွှန်ကြားချက်များ၊ အသိပညာပေးခြင်းများ၊ လိုအပ်သည့် နိုင်ငံတကာအဆင့်မီ ဒစ်ဂျစ်တယ် မီးပွိုင့်များတပ်ဆင်ပေးမှု၊ ပူးပေါင်းဆောင်ရွက်ပေးမှုနှင့်အတူ ပြည်သူလူထု အနေဖြင့် စည်းကမ်းလိုက်နာမှုတိုးတက်ကောင်းမွန်လာခြင်းနှင့် စည်းကမ်း ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်း သိမ်းရေးကြီးကြပ်မှုကော်မတီ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ် ရေးဆပ်ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

"အခုလို ယာဉ်မတော်တဆမှုတွေနဲ့ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုတွေ လျော့နည်းကျဆင်းသွားတာက သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ တစ်ခုတည်းကြောင့်တော့မဟုတ်ပါဘူး။ အဲဒီသတ်မှတ် ထားတဲ့စည်းကမ်းချက်တွေကို မန္တလေးမြို့တော်နေ ပြည်သူတွေကလည်း လိုက်နာမှု တိုးတက်လာတဲ့အတွက်ကြောင့်ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ရိုးရိုး LED မီးပွိုင့်



(17)ck၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရိုးရိုး LED မီးပွိုင့်သုံးခု၊ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရိုးရိုး LED မီးပွိုင့် နှစ်ခုနှင့် မြို့တွင်းယာဉ်ကြော ရှုပ်ထွေးသည့် ခြောက်လမ်းသွားလမ်းဆုံနေရာများတွင် ယာဉ်ကြောတစ်လမ်းချင်း လမ်းရှင်း ရာတွင် ပိုမိုကောင်းမွန်သည့် Digital Count Down မီးပွိုင့် နှစ်ခုတပ်ဆင်ခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရိုးရိုး LEDမီးပွိုင့်(၁၀) ခုနှင့် Digital Count Down မီးပွိုင့်ခြောက်ခုတပ်ဆင်ခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရိုးရိုး LED မီးပွိုင့်ကိုးခုတပ်ဆင်ခြင်းနှင့် Digital Count Down မီးပွိုင့် ခြောက်ခုတပ်ဆင်ခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရိုးရိုး LED မီးပွိုင့် ၁၀ ခု တပ်ဆင်ခြင်းလုပ်ငန်းများ အပါအဝင် စုစုပေါင်းမီးပွိုင့် ၅၉ ခုအား တပ်ဆင်ပေးခဲ့သည်။

ထို့အပြင် မန္တလေးမြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုကောင်းမွန်စေရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေး အတွက် ယခုနှစ်အတွင်း ထပ်မံ၍ Real Time Traffic Light စနစ်သုံး မီးပွိုင့် ၁၁ ခုတိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်သည်။ အဆိုပါ Real Time Traffic Light စနစ်သုံးမီးပွိုင့်သည် ယာဉ်ကြောကျပ်တည်းမှုအများဆုံးဖြစ် သည့် ၇၈ လမ်းမကြီးတစ်လျှောက် ၂၆ လမ်းမှ စစ်ကိုင်းလမ်းခွဲအထိ လက်ရှိတပ်ဆင်အသုံးပြုထားသည့် မီးပွိုင့် ရှစ်နေရာနှင့် ၇၈လမ်း၊ ၃၂လမ်းဆုံ နေရာအသစ်တွင်လည်းကောင်း၊ တစ်ဆက်တည်း ယာဉ်ကြောပြေလည်စေရန် အတွက် ၇၈ လမ်း၊ ၃၅ လမ်းဆုံ၊ လမ်း ၈၀၊ ၂၆ လမ်းဆုံတို့တွင် တပ်ဆင်ပေးသွားမည်ဖြစ်သည်။ တပ်ဆင်မည့်စနစ်သည် ဩစတြေးလျနိုင်ငံသုံး SCATS(Sydney Coordinate Adaptive Traffic System) စနစ်ဖြစ်ပြီး ၎င်းစနစ်အား ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်တရုတ်နိုင်ငံမြို့ကြီးများ အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် လက်ရှိအသုံးပြုနေသည့်စနစ်ဖြစ် သည်။ ၎င်းစနစ်သည် ယခင်မီးပွိုင့်များတွင် အသုံးပြုနေသည့် ကိန်းသေ အချိန်(Setting Time) မဟုတ်ဘဲ ယာဉ်ကြောတွင် မော်တော်ယာဉ်ရှိမရှိကို ကတ္တရာလမ်းအတွင်း ဖောက်ထွင်းတပ်ဆင်ထားသည့် Inductive loop Sensor များမှ အာရုံခံကာ ယာဉ်ကြောရှင်းသည့်ဘက်တွင် အချိန်လျှော့ ပေးခြင်း၊ ယာဉ်ကြောကျပ်သည့်ဘက်တွင် အချိန်ပိုပေးခြင်းတို့အား အလို အလျောက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါစနစ် တပ်ဆင် ထားသည့်မီးပွိုင့်များတွင် CCTV ကင်မရာများတပ်ဆင်ထားပြီး မီးပွိုင့်များ နှင့်ဗဟိုထိန်းချုပ်ခန်းတို့အား Fiber Cable ဖြင့်ချိတ်ဆက်ထားမည်ဖြစ်သည်။ ဗဟိုထိန်းချုပ်ခန်း(Control Room)မှ မီးပွိုင့်များ၏ ယာဉ်ကြောအခြေအနေအား သိရှိနေမည်ဖြစ်ပြီး လိုအပ်ပါက စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

ထို့အပြင် CCTV ကင်မရာများသည် အရည်အသွေးမြင့် Full HD များဖြစ်ပြီး ကြည်လင်ပြတ်သားသည့်ပုံများအား ဗဟိုထိန်းချုပ်ခန်းတွင် တစ်လတိတိ မှတ်တမ်းတင်သိမ်းဆည်းထားနိုင်မည် ဖြစ်သည်။ ၎င်းမီးပွိုင့် များတွင် လျှပ်စစ်မီးပြတ်တောက်ပါက ချက်ချင်းအသုံးပြုနိုင်ရန် UPS စနစ်များ ပါဝင်ပြီး ၂၄ နာရီတစ်ဆက်တည်း အသုံးပြုနိုင်မည်ဖြစ်သည်။ မီးပွိုင့်များတွင် လျှပ်စစ်မီးပြတ်တောက်ခြင်း၊ မီးပွိုင့်များပြတ်နေခြင်း၊ ယာဉ်ကြောပိတ်ဆို့ နေခြင်းများအား ဗဟိုထိန်းချုပ်ခန်းမှ အချိန်နှင့်တစ်ပြေးညီ သိရှိနေမည်ဖြစ်ပြီး လိုအပ်သည်များကို စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ အဆိုပါစနစ်ကို နှစ်စဉ် ဘဏ္ဍာ ငွေရရှိမှုပေါ်မူတည်၍ Electronic Police(E-Police)စနစ်ကို ထပ်မံတိုးချဲ့ တပ်ဆင်နိုင်ပြီး မီးနီဖြတ်ခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် ယာဉ်မတော် တဆမှုဖြစ်စဉ်တို့အား နောင်တွင် နည်းပညာအကူအညီဖြင့် တိကျစွာဖော် ထုတ်အရေးယူနိုင်မည်ဖြစ်သည်။

ယခုနှစ်တွင် ယာဉ်ကြောအကျပ်ဆုံးဖြစ်သည့် ၇၈ လမ်းမကြီးတစ်လျှောက် တွင် SCATS စနစ်သုံးမီးပွိုင့်များတပ်ဆင်ပေးခြင်းနှင့်အတူ လိုအပ်သည့် နေရာများတွင် လူကူးမျဉ်းကြားမီးပွိုင့်တပ်ဆင်ခြင်း၊ လမ်းညွှန်အမှတ်အသား များတပ်ဆင်ခြင်း၊ ဆေးမျဉ်းများရေးဆွဲခြင်း၊ အကာအရံများကာရံခြင်း၊ ယာဉ် ကြောများပိုမိုဖော်ထုတ်ခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် နှစ်စဉ် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ၂၆ လမ်းမကြီးတစ်လျှောက်၊ ၃၅ လမ်းမကြီးတစ်လျှောက်၊ သိပ္ပံလမ်းမကြီးတစ်လျှောက်၊ ၈၄ လမ်းမကြီး တစ်လျှောက်၊ ၆၂ လမ်း လမ်းမကြီးတစ်လျှောက်နှင့် မြို့တွင်းအဓိက လမ်းမကြီး များတွင် SCATS စနစ်သုံးမီးပွိုင့်များဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ် ကြောင်းနှင့် ယခု SCATS စနစ်သုံးမီးပွိုင့်များတပ်ဆင်ခြင်းသည် Electronic Police(E-Police)စနစ် ဆက်လက် အကောင်အထည်ဖော်ရန်အတွက် ကနဦး ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

## ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အတွင်း ရေနည်းကာလသတ်မှတ်၍ ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်း ကန့်သတ်ထားပါသည်။

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ မှ | ရေကြောင်းနယ်မြေ ထိ | ရေစူးကန့်သတ်ချက် ပေ | ရေစူးကန့်သတ်ချက် လက်မ |
|---|---|---|---|---|---|
| ၁။ | ဧရာဝတီမြစ် | ဟင်္သာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

## မြစ်ကိုတွေ့လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့



# ရိုနယ်လ်ဒိုက တရုတ်နိုင်ငံတွင် ဘောလုံးသင်တန်းကျောင်းသုံးခု ဖွင့်လှစ်မည်

**ပေကျင်း နိုဝင်ဘာ ၁၅**

ဘရာဇီးဘောလုံးအကျော်အမော်တစ်ဦးဖြစ်သည့် ရိုနယ်လ်ဒိုက တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့တို့ အပါအဝင် မြို့ကြီးသုံးမြို့တွင် ဘောလုံးသင်တန်းကျောင်းသုံးခုကို ယခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းစီမံကိန်းများနှင့်ပတ်သက်သည့် တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

"ကျွန်တော်တို့ရဲ့ ပထမဆုံးဘောလုံးသင်တန်းကျောင်းတွေကတော့ ပေကျင်းမြို့၊ရှန်ဟိုင်းမြို့နဲ့ စီချွမ်ပြည်နယ်မှာရှိတဲ့ မြန်ယန်မြို့တွေမှာ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ အဲဒီဘောလုံးသင်တန်းကျောင်းတွေကို ဒီဇင်ဘာလမှာ စတင်ဖွင့်လှစ်နိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု တရုတ်နိုင်ငံတွင် ရိုနယ်လ်ဒို၏ ဘောလုံးသင်တန်းကျောင်းများတွင် မန်နေဂျာအဖြစ်တာဝန်ယူဆောင်ရွက်နေသည့် ပေါ်လိုဆွက်စ်က ပြောကြားသည်။

ရိုနယ်လ်ဒိုက တရုတ်နိုင်ငံတွင် ဘောလုံးသင်တန်းကျောင်း ၃၀ ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း စက်တင်ဘာလကတည်းက ကြေညာထားခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်က ၎င်း၏မိတ်ဆွေ ဘရာဇီးဘီလျံနာသူဌေး ကားလို့စ် ဝစ်ဇ်မာတင်နှင့်အတူ မြန်ယန်မြို့သို့ရောက်ရှိလာကာ ဒေသခံအလယ်တန်းကျောင်း တစ်ကျောင်းတွင် ဘောလုံးသင်တန်းကျောင်းအစီအစဉ်နှင့် ပတ်သက်သည့် လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့ကြသည်။

တရုတ်နိုင်ငံတွင် ဘောလုံးသင်တန်းကျောင်း ၃၀ ဖွင့်လှစ်ရန်ပူးပေါင်းလုပ်ဆောင်ပြီး ဘောလုံးကစားနည်းများသင်ကြားပေးမည့်သူများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပေါ်လိုက ပြောကြားသည်။

ရိုနယ်လ်ဒိုနှင့် ကားလို့စ်နှစ်ဦး ပူးပေါင်းတည်ထောင်သည့် ရိုနယ်လ်ဒိုဘောလုံးသင်တန်းကျောင်းများကို ၂၀၂၀ ပြည့်နှစ်တွင် သင်တန်းကျောင်းပေါင်း ၁၀၀ ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရပြီး ယခုနှစ်တွင် ဘရာဇီး၊ အမေရိကန်နှင့် တရုတ်တွင် ရှစ်ခုဖွင့်လှစ်ထားသည်။

**ဆင်ဟွာ။**



# အကြမ်းဖက်မှု တိုက်ဖျက်ရေး ပြဿနာ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ၌ ဆွေးနွေးမည်

**ဘီလက် (တူရကီ) နိုဝင်ဘာ ၁၅**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် အခြားသော ကမ္ဘာ့ခေါင်းဆောင်များသည် အုပ်စု-၂၀ (ဂျီ-၂၀) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၅ ရက်တွင် တူရကီနိုင်ငံသို့ ရောက်ရှိလာကြကြောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အဆိုပါ ထိပ်သီးအစည်းအဝေးတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးပြဿနာကို အရေးတကြီးထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ အရပ်သားများ အကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် ကမ္ဘာ့နိုင်ငံများအားလုံးက စစ်သွေးကြွများကို ဒေါသအမျက်ထွက်ကြရကြောင်း သမ္မတ အိုဘားမားက တူရကီခရီးစဉ် အကြိုနေ့တွင် ပြောကြားခဲ့သည်။ ပါရီမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုမှာ မိမိတို့၏ လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်အဖွဲ့က ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့သည် ယင်း၏ ခြေကုပ်စခန်းများတည်ရာ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့၏ ပြင်ပအခြားနိုင်ငံများအထိ ဘေးအန္တရာယ်ပြုရန် ခြိမ်းခြောက်လာနေမှုကို အနောက်နိုင်ငံများက မည်သို့မည်ပုံ တုံ့ပြန်သင့်သည်ကို ဆွေးနွေးအဖြေရှာသင့်ကြောင်း အိုဘားမားက ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ကို လေကြောင်းမှ တိုက်ခိုက်သည့် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်း၌ ပြင်သစ်နိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ရန် အမေရိကန်က လိုလားသည်။ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ အနေဖြင့်လည်း အိုင်အက်စ်အဖွဲ့အား ချေမှုန်းရေးလုပ်ငန်းတွင် စစ်ရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်လာရေးအတွက် သမ္မတအိုဘားမားက ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ပါရီမြို့ အကြမ်းဖက်မှု စုံစမ်းစစ်ဆေးလျက်ရှိ

**ပါရီ နိုဝင်ဘာ ၁၅**

ပြင်သစ်နိုင်ငံပါရီမြို့တော်တွင် နိုဝင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ နိုင်ငံအဝန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းများအရသိရသည်။

ပါရီမြို့ ကဇာတ်ရုံအကြမ်းဖက်မှုတွင် အကြမ်းဖက်သမားများအား အသုံးပြုရန် မော်တော်ယာဉ်တစ်စီးကို ငှားရမ်းခဲ့သော ပြင်သစ်နိုင်ငံသားတစ်ဦးအပါအဝင် စုစုပေါင်း လူသုံးဦးကို ပြင်သစ်နယ်စပ်တွင် ဘယ်လ်ဂျီယံရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်းသိရသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သော နေရာများအနက် နေရာတစ်ခုတွင် သေဆုံးနေသော အကြမ်းဖက်သမားတစ်ဦးအနီးတွင် ဆီးရီးယားနိုင်ငံကူးလက်မှတ်တစ်ခုကို တွေ့ရှိခဲ့ကြောင်း ပြင်သစ်ရှေ့နေများက ဆိုသည်။ အဆိုပါအကြမ်းဖက်သမားသည် ဂရိနိုင်ငံကို အောက်တိုဘာ ၃ ရက်က ရောက်ရှိခဲ့ပြီး ဒုက္ခသည်အဖြစ်ခံယူရန် လျှောက်လွှာတင်ခဲ့သည်ဟု ဂရိအစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးက အခိုင်အမာပြောကြားခဲ့ကြောင်း မီဒီယာများက ရေးသားကြသည်။

အကြမ်းဖက်သမားများသည် အခြားနိုင်ငံများမှ ပြင်သစ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီး အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ပြင်သစ်စုံစမ်း စစ်ဆေးရေးအရာရှိများက ထင်မြင်ယူဆကြသည်။

ပြင်သစ်နိုင်ငံအတွင်းရှိ အကြမ်းဖက်မှုများကို အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က အခိုင်အမာပြောကြားထားသည့်စာတစ်စောင်ကို အွန်လိုင်းမှ ပေးပို့ခဲ့သည်။ အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်ချေမှုန်းနေသည့် လေကြောင်းတိုက်ခိုက်မှုများတွင် ပြင်သစ်နိုင်ငံပါဝင်လာမှုကို လက်တုံ့ပြန်သည့်အနေဖြင့် အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါစာထဲတွင် ဖော်ပြထားသည်။

အကြမ်းဖက်မှု ရှစ်ခုတွင် အကြမ်းဖက်သမား ခုနစ်ဦးသေဆုံးခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုများတွင် မော်တော်ကားနှစ်စီးကို အသုံးပြုခဲ့ကြောင်း အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဝါရင့်ရှေ့နေ တစ်ဦးကဆိုသည်။

အကြမ်းဖက်သမားများအနက် အသက်(၂၉) နှစ်အရွယ်အကြမ်းဖက်သမားတစ်ဦး၏ လက်ဗွေရာများကို အသုံးပြုပြီး မည်သူမည်ဝါဖြစ်ကြောင်းစုံစမ်းခဲ့ရာတွင် ၎င်းသည် ပြင်သစ်နိုင်ငံသားတစ်ဦးဖြစ်နေကြောင်း တွေ့ရှိရသည်။

**အင်န်အိတ်ချ်ကေ။**



# မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်ပစ်ခတ်ဖွယ် ရေယာဉ်များသွားလာမှုကို ပိတ်ပင်သည့်ဇုန်သတ်မှတ်

**ဆိုးလ် နိုဝင်ဘာ ၁၅**

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်ရန် ပြင်ဆင်နေသည့် လက္ခဏာတစ်ရပ်အဖြစ် နိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ ကမ်းလွန်၌ ရေယာဉ်များ ဖြတ်သန်းသွားလာမှုကို ပိတ်ပင်ထားကြောင်း တောင်ကိုရီးယားအစိုးရသတင်းရပ်ကွက်ကို ကိုးကားလျက် ယွန်ဟပ်သတင်းဌာနက နိုဝင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ သတ်မှတ် ကမ်းလွန်ဒေသအတွင်း နိုဝင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ကာလအတွင်း ရေယာဉ်များ ကူးသန်းသွားလာမှုကို ပိတ်ပင်ထားကြောင်း အမည်မဖော်သူ တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားကြသည်။

မြောက်ကိုရီးယားနိုင်ငံက ရေယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်လိုက်သော နယ်မြေမှာ ကျယ်ဝန်းလှသဖြင့် ယင်းနိုင်ငံအနေဖြင့် ဒုံးကျည်စမ်းသပ်ပစ်ခတ်ရန် ပြင်ဆင်နေသည်ဟု ယူဆရသည်ဆို၏။

မြောက်ကိုရီးယားနိုင်ငံသည် စကတ်ဒုံးကျည်သို့မဟုတ် ဒုံးလက်နက် အမျိုးအစားသစ်တစ်ခုကို စမ်းသပ်ပစ်ခတ်ဖွယ်ရှိသဖြင့် မိမိတို့ ဂရုမပြု၍ လေ့လာစောင့်ကြည့်နေကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားကြသည်။

စကတ်ဒုံးကျည်သည် တာတိုပစ် ဒုံးလက်နက်အမျိုးအစားဖြစ်ပြီး ကနဦးအားဖြင့် ဆိုဗီယက်ပြည်ထောင်စုက တီထွင်ထုတ်လုပ်ခဲ့သည်။

**ရိုက်တာ။**



# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဖွင့်လှစ်ထားသော မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက်မှ စတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့ ညနေ ၄ နာရီတွင် ဆက်လက်ထုတ်ပြန်ကြေညာခဲ့သည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လေးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်(တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် ၃၂၁ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၅၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၂၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ "ဝ"ဒီမိုကရက်တစ်ပါတီမှတစ်ဦး၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၃ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၂ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီမှ သုံးဦး၊ တအာင်း (ပလောင်) အမျိုးသားပါတီမှ သုံးဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၇ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၃၅ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သုံးဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ရခိုင်အမျိုးသားပါတီမှ ၁၀ ဦး၊ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ တစ်ဦး၊ တအာင်း (ပလောင်) အမျိုးသားပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ နှစ်ဦးတို့ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၆၂၆ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၇၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၇၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ "ဝ"ဒီမိုကရက်တစ်ပါတီမှ နှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ သုံးဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၅ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး၊ မွန်အမျိုးသားပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ၂၂ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှတစ်ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)မှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ ခြောက်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ ခုနစ်ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ တစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ တစ်ဦး၊ "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ တစ်ဦး၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦး တို့ ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်(တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၇ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ တစ်ဦး၊ အာခါ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇၉ / ၂၀၁၅ )

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးသက်နောင် | ၉/ပဥလ(နိုင်) ၀၀၆၃၉၉ | လဟယ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဝမ်းလှ | ၅/နယန(နိုင်) ၀၀၄၇၅၇ | နန်းယွန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၃) | ဦးဦးလှစော | ၁၁/မဥန(နိုင်) ၀၄၇၁၉၉ | မြောက်ဦး | ရခိုင်အမျိုးသားပါတီ |
| (၄) | ဦးဦးထွန်းဝင်း | ၁၁/ကတန(နိုင်) ၀၇၂၉၇၆ | ကျောက်တော် | ရခိုင်အမျိုးသားပါတီ |
| (၅) | ဦးစစ်နိုင် | ၁၁/မပန(နိုင်) ၀၀၃၉၂၅ | မင်းပြား | ရခိုင်အမျိုးသားပါတီ |
| (၆) | ဦးဖေသန်း | ၁၁/မပတ(နိုင်) ၀၀၇၅၂၁ | မြေပုံ | ရခိုင်အမျိုးသားပါတီ |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၃၁၆။ | စစ်ကိုင်းတိုင်းဒေသကြီး | လဟယ် | ဦးသက်နောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၅၆၄ |
| ၃၁၇။ | စစ်ကိုင်းတိုင်းဒေသကြီး | နန်းယွန်း | ဦးဝမ်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၂၈၄ |
| ၃၁၈။ | ရခိုင်ပြည်နယ် | မြောက်ဦး | ဦးဦးလှစော | ရခိုင်အမျိုးသားပါတီ | ၆၇၀၃၀ |
| ၃၁၉။ | ရခိုင်ပြည်နယ် | ကျောက်တော် | ဦးဦးထွန်းဝင်း | ရခိုင်အမျိုးသားပါတီ | ၅၅၇၂၅ |
| ၃၂၀။ | ရခိုင်ပြည်နယ် | မင်းပြား | ဦးစစ်နိုင် | ရခိုင်အမျိုးသားပါတီ | ၄၅၀၄၇ |
| ၃၂၁။ | ရခိုင်ပြည်နယ် | မြေပုံ | ဦးဖေသန်း | ရခိုင်အမျိုးသားပါတီ | ၂၅၃၄၅ |

### ပြင်ဆင် ဖတ်ရှုပါရန်

နိုဝင်ဘာ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင်ပါရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ်(၇၇/၂၀၁၅)၏ အမှတ်စဉ် (၅၀)တွင် ဦးစိုင်းထွန်းအောင်၏ ကိုယ်စားပြုပါတီကို **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**အစား **ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၈၀ / ၂၀၁၅ )

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးမင်းနိုင် | ၅/လရန(နိုင်) ၀၀၃၈၃၃ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၂) | ဦးကျော်ကျော် | ၁၁/မဥန(နိုင်) ၀၀၅၀၈၉ | အမှတ်(၄) | ရခိုင်အမျိုးသားပါတီ |
| (၃) | ဦးမြင့်နိုင် | ၁၁/ကတန(နိုင်) ၀၀၁၇၀၆ | အမှတ်(၅) | ရခိုင်အမျိုးသားပါတီ |
| (၄) | ဦးအေးသာအောင် | ၁၂/ပဇတ(နိုင်) ၀၂၆၃၂၉ | အမှတ်(၆) | ရခိုင်အမျိုးသားပါတီ |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှင့်မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၆၃၅။ | စစ်ကိုင်းတိုင်းဒေသကြီး | လဟယ်(၁) | ဦးလော်ယုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၇၂ |
| ၆၃၆။ | စစ်ကိုင်းတိုင်းဒေသကြီး | လဟယ်(၂) | ဦးဆားမူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၉၅ |
| ၆၃၇။ | စစ်ကိုင်းတိုင်းဒေသကြီး | နန်းယွန်း(၁) | ဦးစိမ်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၇၆၈ |
| ၆၃၈။ | စစ်ကိုင်းတိုင်းဒေသကြီး | နန်းယွန်း(၂) | ဦးကေဆိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၇၂ |
| ၆၃၉။ | ရခိုင်ပြည်နယ် | မြောက်ဦး(၁) | ဦးထွန်းသာစိန် | ရခိုင်အမျိုးသားပါတီ | ၃၇၂၃၄ |
| ၆၄၀။ | ရခိုင်ပြည်နယ် | မြောက်ဦး(၂) | ဦးကျော်ဝင်း | ရခိုင်အမျိုးသားပါတီ | ၃၀၇၅၄ |
| ၆၄၁။ | ရခိုင်ပြည်နယ် | ကျောက်တော်(၁) | ဦးမောင်လှကျော် | ရခိုင်အမျိုးသားပါတီ | ၂၅၂၅၂ |
| ၆၄၂။ | ရခိုင်ပြည်နယ် | ကျောက်တော်(၂) | ဦးမောင်သန်းစိန်(ခ) ဦးမောင်မောင် | ရခိုင်အမျိုးသားပါတီ | ၂၉၀၄၇ |
| ၆၄၃။ | ရခိုင်ပြည်နယ် | မင်းပြား(၁) | ဦးလှသိန်းအောင် | ရခိုင်အမျိုးသားပါတီ | ၂၂၆၇၀ |
| ၆၄၄။ | ရခိုင်ပြည်နယ် | မင်းပြား(၂) | ဦးလှအောင်ညွန့် | ရခိုင်အမျိုးသားပါတီ | ၂၀၈၁၅ |
| ၆၄၅။ | ရခိုင်ပြည်နယ် | မြေပုံ(၁) | ဦးအောင်ဝင်း | ရခိုင်အမျိုးသားပါတီ | ၁၃၁၈၀ |
| ၆၄၆။ | ရခိုင်ပြည်နယ် | မြေပုံ(၂) | ဦးမြသန်း | ရခိုင်အမျိုးသားပါတီ | ၁၂၈၄၀ |
| ၆၄၇။ | ရခိုင်ပြည်နယ် | မာန်အောင်(၁) | ဦးသိမ်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၉၃ |
| ၆၄၈။ | ရခိုင်ပြည်နယ် | မာန်အောင်(၂) | ဦးဘိုးနွဲ့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၆၂၀ |
| ၆၄၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ရှမ်း | ဒေါ်မွှေးမွှေးခင် | တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P) | ၃၂၉၅၈ |
| ၆၅၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ချင်း | ဦးလာလ်ထောင်ထန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၉၈၇ |
| ၆၅၁။ | ရခိုင်ပြည်နယ် | ချင်း | ဦးပုန်ဘွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၅၁၂ |




# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲနှင့် မီဒီယာစင်တာ ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော်  နိုဝင်ဘာ ၁၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲနှင့် မီဒီယာစင်တာ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့်အဖွဲ့ဝင် ဦးမြင့်နိုင်တို့ တက်ရောက်၍ ရှင်းလင်းဖြေကြားကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အနိုင်ရပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(တိုင်းရင်းသား)လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာပြီး မီဒီယာစင်တာပိတ်သိမ်းကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ကန့်ကွက်လွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းနိုင်ကြောင်း၊ အဆိုပါ ကန့်ကွက်လွှာများကို ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်သကဲ့သို့ ကန့်ကွက်လွှာများကိုလည်း ကော်မရှင်အနေဖြင့် အမှန်အတိုင်း စစ်ဆေးဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ကန့်ကွက်လွှာများကို စစ်ဆေးရန် ခုံရုံးခေါ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး မီဒီယာများ၊ စိတ်ဝင်စားသူများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့အထိ ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးစီးမှုမှာ စုစုပေါင်း ၉၉ ရာခိုင်နှုန်းဖြစ်ပြီး ဆက်လက်ကြေညာရန်မှာ ၁ ရာခိုင်နှုန်းသာ ကျန်ရှိကြောင်း၊ ကချင်ပြည်နယ် နောင်မွန်းမြို့နယ်နှင့် ခေါင်လံဖူးမြို့နယ်တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်(၄)ဦးသာ ကြေညာရန် ကျန်ရှိကြောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် အပြီးထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ဖွင့်ပွဲကျင်းပ




**ကော့သောင်း  နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် Township Sports Development Programme အရ အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ(ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်) အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ခရိုင်အားကစားခန်းမတွင် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးပါစည်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းပေါင်းစုံ ဗိုလ်စွဲဖလား ဇုန်အလိုက်အားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန် ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာ၍ ကျောင်းသား ကျောင်းသူလေးများက အေရိုးဗစ်နှင့် အကပဒေသာများဖြင့် ကပြဖျော်ဖြေကြပြီး အားကစားပြိုင်ပွဲအဖြစ် ဇုန်အမှတ် ၆ နှင့် ဇုန်အမှတ် ၅ ကျောင်းသား လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဇုန်အမှတ် ၆ က အနိုင်ရရှိခဲ့သည်။

အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများအား ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခြေခံပညာကျောင်းသား လူငယ်များအတွင်းမှ ထူးချွန်သည့်အားကစားသမားကောင်းများထွက်ပေါ်လာရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၉၁/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးလော်ယုံ | ၅/လဟန(နိုင်) ၀၀၂၁၂၀ | လဟယ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဆားမူ | ၅/လဟန(နိုင်) ၀၀၀၁၈၄ | လဟယ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးစိမ်းမောင် | ၅/နယန(နိုင်) ၀၀၃၅၆၁ | နန်းယွန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကေဆိုင်း | ၅/နယန(နိုင်) ၀၀၀၄၀၃ | နန်းယွန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါ်မွှေးမွှေးခင် | ၅/ကသန(နိုင်) ၀၁၁၇၃၁ | ရှမ်းတိုင်းရင်းသား | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P) |
| (၆) | ဦးလာလ်ထောင်ထန်း | ၁၂/အစန(နိုင်) ၀၂၈၀၇၂ | ချင်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၇) | ဦးထွန်းသာစိန် | ၁၁/ကတန(နိုင်) ၀၀၂၉၈၇ | မြောက်ဦး(၁) | ရခိုင်အမျိုးသားပါတီ |
| (၈) | ဦးကျော်ဝင်း | ၁၁/စတန(နိုင်) ၀၃၁၂၃၇ | မြောက်ဦး(၂) | ရခိုင်အမျိုးသားပါတီ |
| (၉) | ဦးမောင်လှကျော် | ၁၁/စတန(နိုင်) ၀၂၇၅၀၅ | ကျောက်တော်(၁) | ရခိုင်အမျိုးသားပါတီ |
| (၁၀) | ဦးမောင်သန်းစိန်(ခ) ဦးမောင်မောင် | ၁၁/ကတန(နိုင်) ၀၃၈၃၆၅ | ကျောက်တော်(၂) | ရခိုင်အမျိုးသားပါတီ |
| (၁၁) | ဦးလှသိန်းအောင် | ၁၁/မဥန(နိုင်) ၀၆၆၉၅၇ | မင်းပြား(၁) | ရခိုင်အမျိုးသားပါတီ |
| (၁၂) | ဦးလှအောင်ညွန့် | ၁၁/မပန(နိုင်) ၀၀၂၂၈၃ | မင်းပြား(၂) | ရခိုင်အမျိုးသားပါတီ |
| (၁၃) | ဦးအောင်ဝင်း | ၁၁/မပတ(နိုင်) ၀၀၂၁၂၁ | မြေပုံ(၁) | ရခိုင်အမျိုးသားပါတီ |
| (၁၄) | ဦးမြသန်း | ၁၁/မတန(နိုင်) ၀၀၀၈၆၀ | မြေပုံ(၂) | ရခိုင်အမျိုးသားပါတီ |
| (၁၅) | ဦးသိမ်းမောင် | ၁၁/မအန(နိုင်) ၀၀၇၁၀၀ | မာန်အောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးဘိုးနွဲ့ | ၁၁/မအန(နိုင်) ၀၀၆၅၅၄ | မာန်အောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးပုန်ဘွေ | ၄/ပလဝ(နိုင်) ၀၀၃၁၃၅ | ချင်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

**(ယမန်နေ့မှ အဆက်)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၆၄။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၁၂) | ဦးမင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၉၆၀ |
| ၁၆၅။ | ရခိုင်ပြည်နယ် | အမှတ်(၄) | ဦးကျော်ကျော် | ရခိုင်အမျိုးသားပါတီ | ၆၃၆၇၇ |
| ၁၆၆။ | ရခိုင်ပြည်နယ် | အမှတ်(၅) | ဦးမြင့်နိုင် | ရခိုင်အမျိုးသားပါတီ | ၅၇၄၄၃ |
| ၁၆၇။ | ရခိုင်ပြည်နယ် | အမှတ်(၆) | ဦးအေးသာအောင် | ရခိုင်အမျိုးသားပါတီ | ၇၅၇၅၈ |

# အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**ပဲခူး  နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီကြိုးစားဆောင်ရွက်ပေးခဲ့ကြသော ပဲခူးမြို့မှ အထူးရဲတပ်ဖွဲ့ဝင်များအား နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(၅၈၇)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | |
|---|---|---|---|---|---|---|
| NLD | - | ၂၅၄ | ဦး | = | ၅၇. ၇၃ | % |
| USDP | - | ၂၉ | ဦး | = | ၆. ၅၉ | % |
| SNLD | - | ၁၃ | ဦး | = | ၂. ၉၅ | % |
| ANP | - | ၁၂ | ဦး | = | ၂. ၇၃ | % |
| PNO | - | ၃ | ဦး | = | ၀. ၆၈ | % |
| TNP | - | ၃ | ဦး | = | ၀. ၆၈ | % |
| ZCD | - | ၂ | ဦး | = | ၀. ၄၅ | % |
| KSDP | - | ၁ | ဦး | = | ၀. ၂၃ | % |
| KDUP | - | ၁ | ဦး | = | ၀. ၂၃ | % |
| IC | - | ၁ | ဦး | = | ၀. ၂၃ | % |
| L.N.P.P | - | ၁ | ဦး | = | ၀. ၂၃ | % |
| WDP | - | ၁ | ဦး | = | ၀. ၂၃ | % |
| TNH | - | ၇ | ဦး | = | ၁. ၅၉ | % |
| CUP | - | ၂ | ဦး | = | ၀. ၄၅ | % |
| DSPC | - | ၁၁၀ | ဦး | = | ၂၅ | % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | |
|---|---|---|---|---|---|---|
| NLD | - | ၁၃၅ | ဦး | = | ၆၀. ၂၆ | % |
| USDP | - | ၁၂ | ဦး | = | ၅. ၃၆ | % |
| ANP | - | ၁၀ | ဦး | = | ၄. ၄၅ | % |
| SNLD | - | ၃ | ဦး | = | ၁. ၃၃ | % |
| ZCD | - | ၂ | ဦး | = | ၀. ၉၀ | % |
| IC | - | ၂ | ဦး | = | ၀. ၉၀ | % |
| TNP | - | ၁ | ဦး | = | ၀. ၄၅ | % |
| PNO | - | ၁ | ဦး | = | ၀. ၄၅ | % |
| MNP | - | ၁ | ဦး | = | ၀. ၄၅ | % |
| DSPC | - | ၅၆ | ဦး | = | ၂၅ | % |
| CUP | - | ၁ | ဦး | = | ၀. ၄၅ | % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး

**ရှင်းလင်းချက်**

ANP = ရခိုင်အမျိုးသားပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
KDUP = ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
CUP = Counting Under Process (ရေတွက်ဆဲ)
TNH = Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်)

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ<br>စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၆၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်<br>တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ<br>ကချင်ပြည်နယ်မဲဆန္ဒနယ် ၃၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ<br>ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၂၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**မှတ်ချက်။ ။ ကျန်တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၏ မဲရရှိမှုအခြေအနေမှာ ရာနှုန်းပြည့်ကြေညာပြီးဖြစ်၍ နိုဝင်ဘာ ၁၅ ရက် သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ထပ်မံဖော်ပြခြင်း မပြုတော့ပါ။**

### ရှင်းလင်းချက်

KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

UDPKS = စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)

USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

ANP = ရခိုင်အမျိုးသားပါတီ

L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)

T.N.D.P = တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ

IC = Independent Candidate (တစ်သီးပုဂ္ဂလ)

CUP = Counting Under Process (ရေတွက်ဆဲ)

## နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်နေ့ ညနေ ၄ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| ပါတီ တံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်(တိုင်းရင်းသား လူမျိုး)လွှတ်တော် |
|---|---|---|---|---|---|
| | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၄ ဦး | ၁၃၅ ဦး | ၄၇၄ ဦး | ၁၇ ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉ ဦး | ၁၂ ဦး | ၇၂ ဦး | ၂ ဦး |
| | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၂ ဦး | ၂ ဦး | ၂ ဦး | - |
| | "ဝ"ဒီမိုကရက်တစ်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ ဦး | - | ၃ ဦး | - |
| | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁၃ ဦး | ၃ ဦး | ၂၅ ဦး | - |
| | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| | မွန်အမျိုးသားပါတီ | - | ၁ ဦး | ၂ ဦး | - |
| | တစ်သီးပုဂ္ဂလ | ၁ ဦး | ၂ ဦး | ၁ ဦး | ၁ ဦး |
| | ရခိုင်အမျိုးသားပါတီ | ၁၂ ဦး | ၁၀ ဦး | ၂၂ ဦး | ၁ ဦး |
| | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ ဦး | - | ၁ ဦး | - |
| | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီ ပါတီ၊ ကချင်ပြည်နယ်(စဒက) | - | - | ၁ ဦး | - |
| | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ | ၃ ဦး | ၁ ဦး | ၆ ဦး | - |
| | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - | - | ၁ ဦး | - |
| | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | - | - | ၁ ဦး | - |
| | "ဝ"အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ | - | - | ၁ ဦး | - |
| | လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၁ ဦး | - | ၁ ဦး | ၁ ဦး |
| | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | ၁ ဦး |
| | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(TNDP) | - | - | ၁ ဦး | ၁ ဦး |
| | **စုစုပေါင်း** | **၃၂၀ ဦး** | **၁၆၇ ဦး** | **၆၂၆ ဦး** | **၂၅ ဦး** |

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၁၁ -၂၀၁၅ (တနင်္လာနေ့)]

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ရတနသုတ် |
| ၅း၄၀ | "ပဋိစ္စသမုပ္ပါဒ် တရားနှင့် ဝိပဿနာအခြခံသင်တန်း" (အပိုင်း-၇) တရားတော် [(ဆရာတော် အရှင်ဝိသေဋ္ဌ (ဓမ္မာစရိယ)] |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၃၅ | Cartoon Series (Go Torara Go) |
| ၁၁း၀၀ | သွားမယ် စားမယ် (Winner Hot Pot) |
| ၁၁း၂၅ | Forver Music Tribute Raggae (အပိုင်း-၁) (ပထမပိုင်း) |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း (အပိုင်း-၉၄) |
| ၁၂း၂၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂) |
| ၆း၁၀ | Health Fix |
| ၈း၂၀ | Drive It |
| ၈း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၃၇) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၉၅) |
| ၉း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၄၀ | MRTV-4 Stage |
| ၁၁း၀၅ | World of Knowledge (Locked Up Abroad Teen Smuggler) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၇၂) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းချာချစ်လိပ်ပြာ (အပိုင်း-၃၈) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝသစ်ရဲ့အလင်းရောင် (အပိုင်း-၂) |

## mitv

| | |
|---|---|
| 07:03 | News |
| 07:26 | Myanmar Masterclass: Artist Win Pe |
| 07:39 | A Visit To Today's Along-Daw-Katthapha |
| 07:54 | Scented Buddha Images |
| 08:03 | News |
| 08:27 | A Happy Visit to Zoological Garden (Nay Pyi Taw) |
| 08:37 | The Beauty In The North Of Myanmar |
| 08:53 | Traditional Snacks |
| 09:03 | News |
| 09:26 | Unique Pattern Of Myanma... A Trend Of Chin Traditional Dress |
| 10:03 | News |
| 10:26 | Hanlin, A Treasure Trove Of The Ancient Pyu City |
| 10:51 | Pre-PLF 2015 |
| 07:03 | News |
| 07:26 | Food Trip (EP-2) |
| 08:03 | News |
| 08:27 | Taste Of Myanmar (Shan Style Clay Pot) |
| 08:45 | Diary of a Fisherman |



## လီဂျွန်ကီရဲ့ရုပ်ရှင်သစ် "Moon Lovers"

"ပန်းချယ်ရီကလေ့စား"ရုပ်ရှင်ဖြင့် မြန်မာပရိသတ်နှင့် စတင်ရင်းနှီးခဲ့သော တောင်ကိုရီးယားမင်းသားချော လီဂျွန်ကီသည် တရုတ်ရုပ်ရှင်သစ် "Moon Lovers"တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူ၏အေဂျင်စီက ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်တွင် လီဂျွန်ကီသည် အေးစက်စက်စရိုက်ရှိသော နန်းမွေဆက်ခံသူတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်တွင် အမျိုးသမီးဇာတ်ဆောင်တစ်ဦးလည်းပါဝင်ပြီး သူသည် လက်ရှိကာလမှ ဧကရာဇ်ခေတ်သို့ ရုတ်တရက် ရောက်ရှိသွားပြီး လီဂျွန်ကီနှင့်တွေ့ဆုံခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ထားသော စိတ်ကူးယဉ်ဇာတ်လမ်းအမျိုးအစားဖြစ်သည်။

လီဂျွန်ကီနှင့်တွဲဖက်၍ ခေါင်းဆောင်မင်းသမီးအဖြစ် ကင်မ်ဟာနူးက ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်သည်။

**ခင်ခင်သက်**

## ဗုံးပေါက်ကွဲမှုကြောင့် Eagles of Death တေးဂီတဖျော်ဖြေပွဲတွင် ပရိသတ် ၉၀ နီးပါး သေဆုံးခဲ့

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်တစ်ဝန်းမှာ ပြီးခဲ့တဲ့သောကြာနေ့က ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေထဲက တစ်ခုဖြစ်တဲ့ အမေရိကန်အမျိုးသားရော့ခ်တေးဂီတတီးဝိုင်း "Eagles of Death"ရဲ့ ဖျော်ဖြေပွဲမှာ ဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုကြောင့် အဆိုပါ ဖျော်ဖြေပွဲမှာ လာရောက်အားပေးခဲ့တဲ့ ပရိသတ်တွေနဲ့ တီးဝိုင်းနဲ့အတူပါလာတဲ့ အလုပ်သမား စုစုပေါင်း ၈၉ ဦး သေဆုံးခဲ့တယ်လို့ စနေနေ့က မြို့တော်မှထုတ်ပြန်တဲ့သတင်းများအရ သိရှိရကြောင်း အမ်တီဗွီနယူးစ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရော့ခ်တေးဂီတဖျော်ဖြေပွဲဟာ ပဲရစ်မြို့မှာရှိတဲ့ အထင်ကရ ပြဇာတ်ရုံတစ်ခုဖြစ်တဲ့ ဘတ်တက်ကလန်းပြဇာတ်ရုံမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ယခုဗုံးပေါက်ကွဲမှုမှာ ပြဇာတ်ရုံကို ရဲများကဝင်စီးပြီးတဲ့နောက် အကြမ်းဖက်တိုက်ခိုက်ရေးသမားတွေဟာ ကိုယ့်ကိုယ်ကိုသတ်သေတဲ့ခါးပတ်တွေပတ်ကာ အဆုံးစီရင်သွားကြရာ အကြမ်းဖက်သမား ငါးဦးသေဆုံးသွားခဲ့ပါတယ်။

"Eagles of Death" တီးဝိုင်းအဖွဲ့ဝင်တွေကတော့ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ဘေးကင်းလုံခြုံခဲ့ပါတယ်လို့ ယင်းတီးဝိုင်းမှာ ဒရမ်တီးသူဖြစ်တဲ့ ဂျူလီယံဒိုရီရိုရဲ့ဇနီးဖြစ်သူက သည်ဝါရှင်တန်ပို့စ်သတင်းစာကို ပြောကြားခဲ့ပါတယ်။

**အေးပြည့်**



## တစ်ပတ်စာကြည့်ရှုစရာ




### Prem Ratan Dhan Payo (2D)

ဒါရိုက်တာ Sooraj R.Barjatya ရိုက်ကူးထားပြီး Fox Star Studios မှ ထုတ်လုပ်ဖြန့်ချိထားသော အိန္ဒိယ ဇာတ်ကားတစ်ကားဖြစ်သည်။ သရုပ်ဆောင် Salman Khan, Sonam Kapoor, Anupam Kher, Neil Nitin Mukesh တို့ ပါဝင်သရုပ်ဆောင်ထားသည်။

ယုံကြည်ချက်ကိုအလေးထားသည့် ဘုရင်တစ်ယောက်သည် သာမန်ပြည်သူတစ်ယောက်ကဲ့သို့ နေထိုင်လိုသောကြောင့် သူ၏တိုင်းပြည်အပေါ်တာဝန်ယူထားမှု ကိစ္စအဝဝကို စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးချိန်တွင် မမျှော်လင့်ဘဲ သူနှင့် ရုပ်ချင်းချွတ်စွပ်တူသည့် အဖေတူအမေကွဲအစ်ကိုဖြစ်သူ သာမန်ပြည်သူတစ်ယောက်နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် သူတို့၏လက်ရှိဘဝများကို ခေတ္တပြောင်းပြီး အစ်ကိုဖြစ်သူအား ထီးနန်းလွှဲပြောင်းပေးကာ အခြေအနေများကို မီးစင်ကြည့်က ဆောင်ရွက်ရပုံများအား ရိုက်ကူးတင်ဆက်ထားသော ဒရာမာရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သည်။ ယင်းရုပ်ရှင်ကို နိုဝင်ဘာ ၁၃ ရက်မှစတင်ကာ ရန်ကုန်မြို့ ရှေ့ဆောင်အဆင့်မြင့် ရုပ်ရှင်ရုံနှင့် မန္တလေးမြို့ မင်္ဂလာဒိုင်းမွန်းအဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် ပြသပြီဖြစ်သည်။

### The Assassin (2D)




ဒါရိုက်တာ Hsiao-Hsien Hou ရိုက်ကူးပုံဖော်ထားပြီး Media Asia Films မှ ထုတ်လုပ်ဖြန့်ချိထားသော Action, Drama ဇာတ်ကားဖြစ်သည်။ သရုပ်ဆောင် Qi Shu, Chen Chang, Satoshi Tsumabuki တို့ ပါဝင် သရုပ်ဆောင်ထားသော ရာဇဝင် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

တရုတ်ပြည်၌ တန်မင်းဆက် အုပ်စိုးစဉ်ကာလက စစ်သူကြီးတစ်ဦး၏ ၁၀ နှစ်အရွယ်သမီးဖြစ်သူ Nie Nie Yinning သည် မယ်သီလရှင်တစ်ပါး၏ အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရပြီးနောက် မယ်သီလရှင်သည် Nie ကို ကိုယ်ခံပညာများသင်ပေးကာ ပြည်သူများအပေါ်တွင် ရက်စက်ပြီး လာဘ်လာဘများယူနေကြသည့် မြို့စား၊ နယ်စား၊ ဘုရင်ခံများကို သတ်ဖြတ်သုတ်သင်ရန် အထူးလေ့ကျင့်ပေးခဲ့သည်။ တစ်ချိန်တွင် လုပ်ကြံသတ်ဖြတ်မှုတစ်ခု၌ ဆရာက သတ်ခိုင်းလိုက်သည့် သူအား Nie က သနားသဖြင့် မသတ်ဘဲ လွှတ်ပေးလိုက်သည်။ ထို့ကြောင့် Nie ၏ဆရာဖြစ်သူ မယ်သီလရှင်က သူ့အား မွေးဖွားရာဒေသသို့ ပြန်လွှတ်ပြီး လူတစ်ယောက်အားသတ်စေသည်။ ဆရာသတ်ခိုင်းသောလူမှာ Nie ၏အစ်ကိုဝမ်းကွဲဖြစ်သူ တရုတ်မြောက်ပိုင်းတိုင်းစစ်သူကြီး တစ်ဦးဖြစ်သည်။ မိသားစုနှင့်၁၃နှစ်ကြာ ခွဲခွာခဲ့ရသည့် Nie သည် သူ၏မိဘများအပါအဝင် အရာရာကို ပြန်လည်မှတ်မိလာပြီးနောက် နှစ်ပေါင်းများစွာ ဆရာဖြစ်သူ၏ ချုပ်ချယ်မှုအောက်မှ လွတ်မြောက်ရန်အတွက် သူ့အနေဖြင့် တစ်ခုခုကိုရွေးချယ်ရတော့မည် ဖြစ်သည်။ သူငယ်စဉ်က ချစ်ခင်ခဲ့ရသော အစ်ကိုဖြစ်သူစစ်သူကြီးအား သတ်ရမည်လား သို့မဟုတ် မြင့်မြတ်သည့် လုပ်ကြံသတ်ဖြတ်မှုများအဖြစ် သတ်မှတ်ပေးခဲ့သည့် ဆရာဖြစ်သူ၏ အခိုင်းစေခံဘဝကို စွန့်ပစ်ရမည်လားဆိုသည့် ဒွိဟကြားမှ Nie ၏ ခက်ခက်ခဲခဲ ရွေးချယ်ခဲ့ရပုံကို ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းရုပ်ရှင်ကို နိုဝင်ဘာ ၁၃ ရက်မှစပြီး ရန်ကုန်မြို့ နေပြည်တော် ရုပ်ရှင်ရုံ၊ မင်္ဂလာစံပြရုပ်ရှင်ရုံနှင့် မန္တလေးမြို့မင်္ဂလာဒိုင်းမွန်း ရုပ်ရှင်ရုံတို့တွင် ပြသလျက်ရှိသည်။

**Alez**

# ယူရို ၂၀၁၆ ခြေစစ်ပွဲ play-offs ပွဲစဉ်များယှဉ်ပြိုင် ဆွီဒင်နှင့် ယူကရိန်း ပထမအကျော့တွင် နိုင်ပွဲကိုယ်စီရရှိ

နိုင်လင်းကြည်



ဆွီဒင်အသင်းအတွက် မိနစ် ၅၀ တွင် အသင်းခေါင်းဆောင် အီဘရာဟီမိုဗစ်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနေစဉ်။

ယူရို ၂၀၁၆ ခြေစစ်ပွဲအတွက် play-offs ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့သည့် ဆွီဒင်အသင်းနှင့် ယူကရိန်းအသင်းတို့ ပထမအကျော့တွင် နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယူရို ၂၀၁၆ ခြေစစ်ပွဲအတွက် play-offs ပွဲစဉ်အဖြစ် ဆွီဒင်အသင်းနှင့် ဒိန်းမတ်အသင်း၊ ယူကရိန်းအသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ နိုဝင်ဘာ ၁၄ ရက်ညပိုင်းက အသီးသီး ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်အသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ယူကရိန်းအသင်းက ဆလိုဗေးနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆွီဒင်အသင်းနှင့် ဒိန်းမတ်အသင်းတို့၏ ပွဲစဉ်တွင် ဆွီဒင်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၄၅ မိနစ်တွင် ဖောစဘတ်ကလည်းကောင်း၊ ပွဲကစားချိန် မိနစ် ၅၀ တွင် (ပယ်နယ်တီသွင်းဂိုး) အီဘရာဟီမိုဗစ်ကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဖောစဘတ်၏ နိုင်ငံတကာပွဲစဉ် ပထမဆုံးသွင်းဂိုးဖြစ်ပြီး အီဘရာဟီမိုဗစ်မှာမူ ဆွီဒင်အသင်းအတွက် ယူရို ၂၀၁၆ ခြေစစ်ပွဲတွင် ကိုးဂိုးမြောက် သွင်းဂိုးလည်းဖြစ်သည်။ အဝေးကွင်းသို့ လာရောက်ကစားခဲ့ရသည့် ဒိန်းမတ်အသင်းမှာမူ ပွဲကစားချိန် မိနစ် ၈၀ ရောက်မှသာ ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဆွီဒင်အသင်းက ၁၉၉၂ ဥရောပချန်ပီယံ ဒိန်းမတ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ဦးစားပေးကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည့် ယူကရိန်းအသင်းနှင့် ၄-၃-၁-၂ ကစားကွက်ကို အဓိကထားကစားခဲ့သည့် ဆလိုဗေးနီးယားအသင်းတို့၏ ပွဲစဉ်တွင် ပွဲကစားချိန် ၂၃ မိနစ်တွင် ရရှိခဲ့သည့် ယာမိလန်ကို၏ သွင်းဂိုး၊ ပွဲကစားချိန် ၅၄ မိနစ်တွင် ရရှိခဲ့သည့် တိုက်စစ်မှူး ဆီလက်နော့ဗ်၏ သွင်းဂိုးတို့ဖြင့် ယူကရိန်းအသင်းက ဧည့်သည် ဆလိုဗေးနီးယားအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အိုင်ယာလန်အသင်းနှင့် ဘော့စနီးယားအသင်းတို့သည် ယူရို ၂၀၁၆ ခြေစစ်ပွဲအတွက် play-offs ဒုတိယအကျော့ ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဒပ်ဘလင်မြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမအကျော့တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ထားကြောင်း သိရသည်။ ဆွီဒင်အသင်းနှင့် ဒိန်းမတ်အသင်းတို့သည် ယူရို ၂၀၁၆ ခြေစစ်ပွဲအတွက် play-offs ဒုတိယ အကျော့ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် ဒိန်းမတ်နိုင်ငံ၏ မြို့တော်ကိုပင်ဟေဂင်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယူကရိန်းအသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့၏ ယူရို ၂၀၁၆ ခြေစစ်ပွဲအတွက် play-offs ဒုတိယအကျော့ပွဲစဉ် ကိုလည်း နိုဝင်ဘာ ၁၇ ရက်တွင် မာရီဘောမြို့၌ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

## ဘိုင်ယန်မှာပဲဆက်ရှိမှာ သေချာတဲ့ လီဝမ်ဒေါစကီး

ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးအား ပရီမီယာလိဂ်ကလပ်အသင်းများမှ ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ဘိုင်ယန်၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ကစားသမား၏ ကိုယ်စားလှယ်ဖြစ်သူက အတည်ပြုခဲ့သည်။

ပရီမီယာလိဂ်အသင်းများက ပေးချေမည့် မြင့်မားသော လုပ်ခလစာကြောင့် အဆိုပါ ဘိုင်ယန်တိုက်စစ်မှူးအနေဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေသည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် “လီဝမ်ဒေါစကီးက ပရီမီယာလိဂ်ကိုပြောင်းရွှေ့ဖို့ စိတ်ဝင်စားနေတယ်ဆိုတဲ့သတင်းတွေက မမှန်ပါဘူး” ဟု သူ၏ကိုယ်စားလှယ်ဖြစ်သူ ဂျာမနီနိုင်ငံသားဘာတဲလ်က စပို့ဘေးလ်သို့ပြောသည်။

လီဝမ်ဒေါစကီးသည် ယခုနှစ်ဘောလုံးရာသီတွင် ဘိုင်ယန်အတွက် စုစုပေါင်းသွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူခြေစွမ်းပြသနေသောကြောင့် ကမ္ဘာ့အင်အားကြီးကလပ်အသင်းအတော်များများက ခေါ်ယူရန်ကြိုးပမ်းလာခြင်းဖြစ်သည်။ သို့သော် လီဝမ်ဒေါစကီးက ဘိုင်ယန်အသင်းတွင်နေထိုင်နေရသည်မှာ ကျေနပ်ပျော်ရွှင်သောကြောင့် အခြားမည်သည့် ကလပ်အသင်းကိုမျှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ **မေလှဲ့သင်း**



# အင်္ဂလန်လူငယ်မျိုးဆက်ပြတ်လပ်မှုကြောင့် ပြိုင်ပွဲကြီးများတွင် ကွာတားဖိုင်နယ်ထက်လွန်မြောက်ရန် မလွယ်ကူဟု ရှိုင်းဟော့ဆန်ခန့်မှန်း

အင်္ဂလန်အသင်းသည် ယူရို-၂၀၁၆ခြေစစ်ပွဲတွင် ရာနှုန်းပြည့်အနိုင်ဖြင့် ပထမဦးဆုံးခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း လူငယ်ကစားသမား ရှားပါးမှုပြဿနာကြောင့် တကယ့်ပြိုင်ပွဲကြီးများတွင် ကွာတားဖိုင်နယ်အဆင့်ထက်ပင် လွန်မြောက်ရန် မလွယ်ကူဟု ရှိုင်းဟော့ဆန်ကဝန်ခံပြောကြားလိုက်သည်။ အင်္ဂလန်သည် နိုဝင်ဘာ ၁၄ ရက်က ကစားခဲ့သည့် စပိန်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်၌ နှစ်ဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့ကာ နိုင်ပွဲဆက်မှုအနေအထားတစ်ရပ် ရပ်တန့်ခဲ့ရသည်။

နိုဝင်ဘာ ၁၇ ရက်တွင် အင်္ဂလန်နှင့်ချစ်ကြည်ရေး ခြေစမ်းပွဲကို မူလအစီအစဉ်အတိုင်းကစားရန် ဆုံးဖြတ်ချက်ချလိုက်သည့် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အပေါ်လည်း ကြိုဆိုကြောင်း ရှိုင်းဟော့ဆန်က ဆက်လက်ပြောကြားခဲ့သည်။ အင်္ဂလန်အသင်းသည် မျိုးဆက်သစ်ကစားသမားများ မြောက်မြားစွာပေါ်ထွက်လာနေပြီး ယခုလက်ရှိခြေစွမ်းကိုဆက်လက်ထိန်းသိမ်းနိုင်ပါက ယူရို-၂၀၁၆ ပြိုင်ပွဲတွင် စပိန်၏ လက်ထဲမှ ချန်ပီယံဆုကို လွဲပြောင်းရယူနိုင်မည်ဟု ဗြိတိန်မီဒီယာများက ရေးသားကြသော်လည်း ရှိုင်းဟော့ဆန်ကမူ ယခုကဲ့သို့အုံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်း၏ ပထမရွှေရောင်မျိုးဆက် (ဆာဘော်ဘီချာလ်တန်ခေတ်)ပြီးနောက် ဒုတိယမျိုးဆက် (ဘက်ခမ်း၊ လမ်းပတ်၊ ဂျာရတ်တို့ခေတ်)တွင် အဓိကဆုဖလားကြီးများကိုရယူနိုင်ရန် မျှော်မှန်းခဲ့သော်လည်း ပြိုင်ပွဲကြီးများတွင် ကွာတားဖိုင်နယ်အဆင့်ထက်ပင် မကျော်လွန်ခဲ့ပေ။ ယခုလည်း ဟယ်ရီကိန်း၊ စတာလင်းနှင့် ဂျေမီဗာဒီတို့အပြင် ဖီးလ်ဂျုံးစ်၊ ခရစ်စမောလင်းတို့၏အားဖြင့် ချန်ပီယံဆုရယူရန် အားခဲလာခြင်းဖြစ်သည်။ ရှိုင်းဟော့ဆန်သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် အင်္ဂလန်အသင်းအနေဖြင့် ယူရိုပြိုင်ပွဲဝင်ရန် အင်ပြည့်အားပြည့် ကစားသမား၂၃ယောက်ရှိနေပြီဟု ပြောကြားခဲ့သော်လည်း ယခုအချိန် တွင် ကွာတားဖိုင်နယ်အဆင့်ကျော်လွန်ရန်ပင် ခက်ခဲနိုင်သည်ဟု အံ့အားသင့်ဖွယ်ဆိုခဲ့ခြင်းဖြစ်သည်။ **မေလှဲ့သင်း**

## ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဇီဒန်းနှင့် ဗီအဲရာတို့ ယူနီဆက်ဖ်ရန်ပုံငွေဘောလုံးပွဲမှနုတ်ထွက်

ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပြင်သစ်ကစားသမားများဖြစ်သည့် ဇီဒန်းနှင့် ဗီအဲရာတို့ နှစ်ဦးသည် နိုဝင်ဘာ ၁၅ ရက်တွင် ကစားရန်စီစဉ်ထားသည့် ယူနီဆက်ဖ်(နိုင်ငံတကာကလေးများ ရန်ပုံငွေအဖွဲ့)ရန်ပုံငွေဘောလုံးပွဲစဉ်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ကြသည်ဟု အင်ဒီပန်းဒင့်အွန်လိုင်းသတင်း၌ ဖော်ပြသည်။ အဆိုပါ ပြင်သစ်နာမည်ကျော်ကစားသမားဟောင်းနှစ်ဦးတို့သည် ပြိုင်ပွဲလူစာရင်းမှ နုတ်ထွက်ခဲ့ကြသော်လည်း အခြားပြင်သစ်ကစားသမားများဖြစ်သည့် ပီရက်ဇ်နှင့် ဆီဗက်စတြားတို့မှာမူ မူလအစီအစဉ်အတိုင်း ဝင်ရောက်ကစားခဲ့ကြသည်။

အိုင်ယာလန်၊ ဗြိတိန်ကစားသမားဟောင်းများအသင်းနှင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဟောင်းများအသင်းတို့သည် ကမ္ဘာ့ကလေးများရန်ပုံငွေ တိုးမြင့်ရရှိရေးအတွက် မန်ယူအသင်း၏ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ရန်ပုံငွေပွဲစဉ်တစ်ရပ်ကို ကစားရန် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံးကစားသမားဟောင်းများအသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသူဇီဒန်းမှာ အသင်းလူစာရင်းမှ နုတ်ထွက်သွားခဲ့သော်လည်း ပြိုင်ပွဲကို လုံခြုံရေးတိုးမြှင့်၍ မူလအစီအစဉ်အတိုင်း ကျင်းပခဲ့သည်။ အိုင်ယာလန်၊ ဗြိတိန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဒေးဗစ်ဘက်ခမ်းကဆောင်ရွက်ခဲ့ပြီး နည်းပြအဖြစ် ဆာအဲလက်စ်ဖာဂူဆန်က တာဝန်ယူခဲ့သည်။

စာရင်းများအရ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ယခုထိ သေဆုံးသူ ၁၂၉ ဦးအထိရှိခဲ့ကာ ပြင်သစ်နိုင်ငံတစ်ဝန်းလုံးတွင် ပရော်ဖက်ရှင်နယ်အားကစားပွဲစဉ်များအားလုံးကို ယခုတစ်ပတ်တွင် ရပ်နားထားမည်ဟုလည်း အင်ဒီပန်းဒင့်သတင်း၌ ဆက်လက်ဖော်ပြသည်။

**မေလှဲ့သင်း**



# “အထူးကျေးဇူးတင်လွှာ”

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကြီးအား တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင်ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီးတွင် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြပါသော နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီနှင့် မီဒီယာများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ရွေးကောက်ပွဲအောင်မြင်စေရေး အထောက်အကူပြုခဲ့ကြသော နိုင်ငံတကာအဖွဲ့အစည်းများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများသို့ မဲရုံသုံးပစ္စည်းများ၊ မဲလက်မှတ်များနှင့် မဲစာရင်းများအား တပ်မတော်လေယာဉ်/ရေယာဉ်များဖြင့် အချိန်မီကူညီပို့ဆောင်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်သားများ၊ ရွေးကောက်ပွဲရလဒ်များအချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးပါသော MRTV၊ MWD၊ SKYNETရုပ်သံလွှင့်ဌာနများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများ၊ ဌာနများ၊ လူပုဂ္ဂိုလ်များအားလုံးတို့အား ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**ဦးတင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေးအသိပေးနှိုးဆော်ချက်

ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis) သည် (JE) ဗိုင်းရပ်စ်ပိုး သယ်ဆောင်သော ကျူးလက်ခြင်တစ်မျိုး ကိုက်ခြင်းကြောင့် ဖြစ်ပွားပါသည်။

မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံများအပါအဝင် ကမ္ဘာတွင် ၂၄ နိုင်ငံ ဖြစ်ပွားနေသည်။ ၂၀၁၃ ခုနှစ်တွင် လူ ၇၀၀၀၀ ဖြစ်ပွားပြီး ၃၀ ရာခိုင်နှုန်းခန့် သေဆုံးခဲ့ပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး ကူးစက်ဖြစ်ပွားသည်။ တစ်နှစ်ပတ်လုံးကူးစက်ဖြစ်ပွားနိုင်သည်။ အထူးသဖြင့် မိုးအကုန်၊ ဆောင်းဥတုကာလများ (ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလ)တွင် အဖြစ်များသည်။

လူတွင် ရောဂါကူးစက်ခံရသူ ၂၅၀ အနက် (တစ်ဦး)သာ ဦးနှောက်ရောင် လက္ခဏာပြပြီး ကျန်လူနာများမှာ သာမန်တုပ်ကွေးကဲ့သို့ပင် လက္ခဏာပြသည်။ ဦးနှောက်ရောင် လက္ခဏာရှိသူ သုံးဦးအနက် တစ်ဦးခန့်သေဆုံးနိုင်ပါသည်။ အသက်မသေဘဲ ပြန်လည်ကောင်းမွန်လာသော လူနာ၏ ရာခိုင်နှုန်း ၃၀ ခန့်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုချို့ယွင်းမှုနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများဖြစ်ပေါ်နိုင်ပါသည်။

၎င်းရောဂါပိုးသည် ဝက်၊ငှက်၊ ဘဲ၊ ခို၊ လင်းနို့စသည်တို့၏ ခန္ဓာကိုယ်ထဲတွင် ပွားများတတ်ပါသည်။ ထို့ကြောင့် ၎င်းတို့နှင့် နီးကပ်စွာ နေထိုင်သော လူများတွင် အဖြစ်များလေ့ရှိပါသည်။ ၎င်းကျူးလက်ခြင်သည် လယ်ကွင်းများထဲတွင် အဓိက ပေါက်ပွားပြီး မြောင်းပုပ်၊ အိမ်သာကျင်းတို့တွင်လည်း ပေါက်ပွားလေ့ရှိပါသည်။ တိရစ္ဆာန်သွေးကိုပိုကြိုက်သည့်အတွက် မြင်း၊ ကျွဲ၊ နွားတို့နှင့် နီးကပ်စွာ နေထိုင်သော လူများနှင့် လယ်ကွင်းဘေးတွင်နေထိုင်သူများတွင် တစ်ခါတစ်ရံ ကူးစက်ခံရတတ်ပါသည်။

ကျွဲ၊ နွား၊ မြင်းများ ရုတ်တရက် သေဆုံးခြင်း၊ ဝက်များသားလျှောခြင်း၊ သားမြုံခြင်း ရှိပါက ကျန်းမာရေးဌာနအဆင့်ဆင့်သို့ ချက်ချင်းသတင်းပေးပို့၍ လိုအပ်သော ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ရပါမည်။

အိမ်မွေးတိရစ္ဆာန်များကို စနစ်တကျ သန့်ရှင်းစွာမွေးမြူပါ။ ဝက်၊ ဘဲ၊ မြင်းနှင့် အခြားတိရစ္ဆာန်များကို အိမ်တွင်မမွေးဘဲ လူနေအိမ်နှင့် ကိုက် ၃၀၀ ကျော်တွင် မွေးမြူရေးခြံများနှင့် သီးသန့်မွေးပါ။ လူနာရှိသောရွာ/ရပ်ကွက်က တိရစ္ဆာန်များကို အခြားရွာ/ရပ်ကွက်သို့ လုံးဝမရွှေ့ပြောင်းရပါ။ JE ဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသည့် ကျူးလက်ခြင် သက်ကြီးကောင်များကို ချက်ချင်းသေစေရန် ပိုးသတ်ဆေးမှုတ်ခြင်းလုပ်ငန်း (Space Spray/Fogging) ဆောင်ရွက်ရပါမည်။ ခြင်အကိုက်မခံရရေးအတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ခြင်း၊ ခြင်မကိုက်ဆေးလူးခြင်း၊ အိမ်တွင် ခြင်လုံဆန်ခါတပ်ခြင်း၊ ဆေးစိမ်ခြင်ထောင်နှင့် အိပ်ခြင်းများဆောင်ရွက်ပါ။ အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားပါ။

အသက် ၉လမှစ၍ ကလေးလူကြီးများပါ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံထားသင့်ပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
လေယာဉ်မှူးကြီး ဦးမင်းခန့် [ဒုတိယဗိုလ်မှူးကြီး၊ (လေ)(ငြိမ်း)] (မန်းရတနာပုံလေကြောင်းလိုင်း)-ဒေါ်တင်တင်ချိုတို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးဇော်မျိုးမြတ်
B.E (Electronics) D.S.T.A
တပ်မတော်(ရေ)
နှင့်
ရန်ကုန်မြို့နေ
ဒေါက်တာဦးလှရွှေ ဆေးရုံအုပ်ကြီး(ငြိမ်း)-(ဒေါ်စိန်စိန်)၊
ဦးတင်ကွန့်-ဒေါ်စောကြည် (မိုးဆောက်လုပ်ရေး)တို့၏မြေး
ဗိုလ်မှူးချုပ်အောင်နိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကြည်း၊ ရေ၊ လေ စစ်သံမှူး(ငြိမ်း)-ဒေါ်မေသန်းဦးတို့၏ သမီးထွေး
မခင်မြတ်နိုင်
B.A(Japanese) Y.U.F.L
Diploma in IT. MBA (Northampton University, UK)
မြတ်ယမင်းပိုးထည်ဆိုင်

တို့၏ ၇-၁၁-၂၀၁၅ Sedona Hotel ဒဂုံခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာလက်မှတ် ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးဇော်ဇော်ထွန်း (မြို့နယ်တရားသူကြီး၊ ကျောက်တန်းမြို့နယ်တရားရုံး)အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးမင်းနိုင်ဦး(ငြိမ်း)နှင့် ကိုဖြိုးသူရကျော်တို့အားလည်းကောင်း၊ ၁၂-၁၁-၂၀၁၅ ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၅-၁၁-၂၀၁၅ရက် Novotel Hotel (Yangon Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)နှင့် အရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ မိတ်ဆွေများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မေတ္တာဖြင့် ပန်းကြဲပေးပါသော မဇူလိုင်ဝင်းနိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ဒေါက်တာဝင်နီကို၊ မင်္ဂလာလက်စွပ်ဇန်းများ ကိုင်ဆောင်ပေးပါသော မသဲနှင်းဖြူ၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ဇွဲမင်းထက်နှင့် ဗိုလ်အောင်မိုးထက်၊ သတို့သမီးအရံများဖြစ်ကြသော မခင်ဝေဝေမြင့်သိန်းနှင့် မမြတ်ပိုးပိုးဇော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် မဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency တေးဂီတအဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ပြည့်ဝေသျှန် ကျောက်မျက်ကုမ္ပဏီလီမိတက်နှင့် SHE SHING စိန်ရွှေရတနာဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးပါသော ဒီဇိုင်းနာ မင်းသက်စံ (SWEET & SMART FASHION COLLECTION)နှင့် ဒေါ်မွန်မွန်ကျော်(Banker Collection)၊ သိင်္ဂီရွှေဝါပိုးထည်ဆိုင်မှ အန်တီပေါက်၊ မြတ်ယမင်းပိုးထည်ဆိုင်၊ Fashion My Heart ပိုးထည်ဆိုင်၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် မိတ်ကပ်မေဦးနှင့်အဖွဲ့၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ပေးသော Exposure နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးပါသော Eros Spa၊ ပန်းအလှဆင်ပေးပါသော Sandy Floral Shop အားလည်းကောင်း၊ Sedona Hotel၊ မင်းကွန်းတောရကျောင်းတိုက်၊ Novotel Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ တာဝန်ရှိသူများအားလည်းကောင်း၊ ဤမင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကြီး ဇော်မျိုးမြတ်-မခင်မြတ်နိုင်**

# ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်းများအား ချောင်းဦးမြို့ကျေးရွာများသို့ လွှဲပြောင်းပေးအပ်

**ချောင်းဦး နိုဝင်ဘာ ၁၅**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ကျေးရွာသုံး စိုက်ခင်းများကို တည်ထောင်ပေးခဲ့ပြီး ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်းများကို နီးစပ်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ငါးကျေးရွာသုံး စိုက်ခင်းများအား နိုဝင်ဘာ ၁၂ ရက်က သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

"အခုပေးအပ်တဲ့ ကျေးရွာသုံးစိုက်ခင်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ချောင်းဦးမြို့နယ်အနေနဲ့ စိုက်ခင်းခြောက်ခင်း၊ ဧကအားဖြင့် ၅၈၅ ဧက တည်ထောင်ခဲ့ပါတယ်။ အဆိုပါ စိုက်ခင်းများကို နတ်ရေကန်ကျေးရွာအတွက် ၂၈၅ ဧက၊ မြေနီကျင်းကျေးရွာအတွက် ၂၂၅ ဧက၊ နွယ်ခွေကျေးရွာ အတွက် ၇၅ ဧက လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး စိုက်ခင်းတွင် ယူကလစ်၊ တမာ၊ မယ်ဇလီ၊ ကုက္ကိုလ်ပင်များ စိုက်ပျိုးပေးထားပါတယ်" ဟု ချောင်းဦးမြို့နယ် စိမ်းစိုဦးစီးမှူး ဦးထင်လင်းအောင်က ပြောသည်။

နတ်ရေကန်ကျေးရွာမှ တောင်သူ ဦးဝင်းအောင်က 'ကျေးရွာသုံးစိုက်ခင်းတွေ လွှဲပြောင်းပေးတာကြောင့် ကျေးရွာပြည်သူတွေအနေနဲ့ မျှောတိုင်၊ ထွန်တုံး၊ စတာတွေအပြင် ထင်းအဖြစ် တရားဝင်ထုတ်ယူ သုံးစွဲခွင့် ရတော့မှာ ဖြစ်သလို နောင်သားစဉ်မြေးဆက်အထိ သုံးစွဲနိုင်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုနိုင်အောင် ကျေးရွာမှ စနစ်တကျတန်ဖိုးထား စောင့်ရှောက်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းနေ့က ကျေးရွာသုံး စိုက်ခင်းများ ပေးအပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်း၊ မုံရွာခရိုင် စိမ်းစိုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်စိမ်းစိုဦးစီးဌာန ဦးစီးအရာရှိ ဦးထင်လင်းအောင်တို့သည် နတ်ရေကန်ကျေးရွာ၊ မြေနီကျင်းကျေးရွာနှင့် နွယ်ခွေကျေးရွာများသို့ သွားရောက်ကာ ကျေးရွာသုံးစိုက်ခင်းများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ယုယုဝင်း (ပြန်/ဆက်)**

## ကျေးရွာချင်းဆက်ချောင်းကူးတံတားကိုယ့်အားကိုယ်ကိုးတည်ဆောက်

**တွံတေး နိုဝင်ဘာ ၁၅**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကြည်ဆိပ်ကျေးရွာအုပ်စု ကြည်ဆိပ်ကျေးရွာ စက်တူးမြောင်းချောင်းတံတားကို ဒေသခံပြည်သူများ ကကိုယ့်အားကိုယ်ကိုးကာ တံတားတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြည်ဆိပ်ကျေးရွာတွင် အိမ်ခြေ ၁၁၅ လုံး၊ အိမ်ထောင်စု ၁၂၅ စုရှိပြီး၊ လူဦးရေ ၅၃၆ ဦးနေထိုင်ကြသည်။ ကြည်ဆိပ်ကျေးရွာ၏ အဓိကလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး သွားလာရခက်ခဲသဖြင့် ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်ခင်းခြင်းနှင့် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ သွားလာရ လွယ်ကူစေရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်၊ ကျေးရွာအထောက်အကူအပြုကော်မတီ၊ ရပ်မိရပ်ဖနှင့် အလှူရှင်များက အရှည် ၄၅ ပေ၊ အကျယ် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းဖြစ်သည်။ တံတား၏ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၇၅ သိန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

တံတားပြီးစီးသွားပါက ကြည်ဆိပ်ကျေးရွာမှ ခတ္တိယ၊ ပဒန်ရေကျော်လမ်းမှတစ်ဆင့် တွံတေး၊ လှိုင်သာယာ၊ ရန်ကုန်မြို့ပေါ်သို့ အလွယ်တကူ ကား၊ ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီး တောင်သူတို့ ဒေသထွက် ဆန်၊ စပါးများကိုလည်း ဈေးကွက်သို့ အလွယ်တကူ ရောင်းဝယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ဒီပဲယင်းမြို့နယ်တွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းဖွင့်လှစ်

**ဒီပဲယင်း နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းပညာသင်တန်းကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာဥမ္မာအေးက မိမိတို့ဝန်ကြီးဌာန၏ မူဝါဒကြီး သုံးရပ်ဖြစ်သော သားငါးထုတ်လုပ်မှု ဖူလုံရေး၊ သားငါးများ ဘေးကင်းလုံခြုံရေး၊ ကျေးရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းကိုနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**သိန်းထွန်း(ဒီပဲယင်း)**

## မုဒုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဂဝံလမ်းခင်းခြင်းဆောင်ရွက်

**မုဒုံ နိုဝင်ဘာ ၁၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ အိမ်ရာ၊ ကျန်းမာသန့်ရှင်းရေး၊ ရေတွင်း၊ ရေကန်များနှင့် မီးလင်းရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံရန်ပုံငွေဖြင့် လင်းမြင့်ထွန်းကုမ္ပဏီမှ တန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၅၇ သန်းဖြင့် ကော့ပီထော်-ဒိုးမာလမ်း အရှည် ခုနစ်ဖာလုံနှင့် တန်ဖိုးငွေကျပ် ၄၂ ဒသမ ၂၇ သန်းဖြင့် ဒိုးမာ-ကွမ်ကဗွီးလမ်း အရှည် တစ်မိုင်လေးဖာလုံ ဂဝံလမ်းခင်းခြင်းလုပ်ငန်းအား မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်တို့ ဦးဆောင်သောအဖွဲ့က နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

အဆိုပါ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မုဒုံကျေးလက်)**

## မျိုးသန့်စပါးများရရှိရေး ထီးလင်းတွင်ဆောင်ရွက်

**ထီးလင်း နိုဝင်ဘာ ၁၅**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထလင်းဆည်ရေသောက် ဒေသများရှိ လယ်မြေများတွင် မနောသုခ၊ ဆင်းသုခ၊ ဗီယက်နမ် ပုလဲသွယ်စပ်မျိုး စပါးနှံများ စိုက်ပျိုးထားသည့် အချို့လယ်ကွင်းများ၌ နိုဝင်ဘာ ဒုတိယပတ်တွင် ရင့်မှည့်နေပြီဖြစ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းကာ ရိတ်သိမ်းခြင်းနှင့် မျိုးသန့် စပါးများရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထလင်းဆည်ရေသောက် ဒေသရှိ တောင်သူ ဦးကျော်ရင်၊ ဦးတာနော၊ ဦးလှညိုတို့၏ လယ်မြေ ဧက ၃၀ တွင် အဆိုပါစပါးမျိုးများ စိုက်ပျိုးထားရာ ရရှိလာသည့် စပါးမျိုးသန့်များကို အထွက်ကောင်း စပါးမျိုး စိုက်ပျိုးလိုသူ တောင်သူများထံ ဆက်လက် ဖြန့်ဖြူး သွားမည်ဟု သိရသည်။

**(၄၆၅)**

## သုံးခွမြို့နယ်တွင် မိုးစပါးလယ်မြေအားရိတ်သိမ်း ၇၉ ဒသမ ၅၈ တင်းထွက်ရှိ

**သုံးခွ နိုဝင်ဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာအုပ်စု ကွင်းအမှတ်-၈၄၂ဘီ၊ ဦးပိုင်အမှတ်-၂၆ လယ်သမားကြီး ဦးစိုးနိုင်၏ ဧည့်မထအထွက်ကောင်း စပါးမျိုးတွင် ပါဝင်သော မိုးစပါးလယ်မြေအား သုံးခွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမြင့်ဆွေအေး နှင့် ကွင်းဝန်ထမ်းများ၊ သုံးခွအနောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းလှိုင်နှင့် လယ်သမားဦးကြီးများက နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ကြသည်။

ယင်းသို့ မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် ကိုယ်စားပြုအထွက်နှုန်း တစ်ဧကရှိ အစိုအထွက်တင်း ၇၉ ဒသမ ၅၈ တင်း ထွက်ရှိကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**



## ကော့သောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီသို့ အမှိုက်ပုံးများပေးအပ်လှူဒါန်း

**ကော့သောင်း နိုဝင်ဘာ ၁၅**

သန်းဖြိုးသူကုမ္ပဏီမှ ကော့သောင်းမြို့နယ်စည်ပင်သာယာရေး ကော်မတီသို့ အမှိုက်ပုံးများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းလှူဒါန်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အမှာစကားပြောကြားပြီး သန်းဖြိုးသူကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်လွင်က မြို့သာယာသန့်ရှင်းလှပရေး၊ လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ကော့သောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ကာလတန်ဖိုး ကျပ် ၂၇ သိန်းကျော် တန်ဖိုးရှိ အမှိုက်ပုံး ၂၃၀ အား ပေးအပ်လှူဒါန်းရာ မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှုကော် မတီမှ ဦးအင်ရှိန်က လက်ခံရယူပြီးကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းသည့် အမှိုက်ပုံးများအား ကော့သောင်းမြို့သန့်ရှင်းသာယာလှပရေး၊ မြို့နေပြည်သူများ အမှိုက်စနစ်တကျ စွန့်ပစ်ရေးလုပ်ငန်းများတွင် တစ်မြို့လုံးအနှံ့ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကျေးရွာအုပ်စုလုံးကျွတ် မြေငှားဂရန်များပေးအပ်

**ကလေးဝ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ကျေးရွာအုပ်စုလုံးကျွတ် မြေငှားဂရန်ပေးအပ်ပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက နန်းဇလိန်ကျေးရွာ အ-မ-က စာသင်ကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်က မြေငှားဂရန်ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် မြေငှားဂရန်၏ အသုံးဝင်မှုအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး နန်းဇလိန်ကျေးရွာအုပ်စုရှိ အိမ်ခြံမြေပိုင်ရှင် ၇၂ ဦးအား မြေငှားဂရန် ၇၂ စောင်ကို တစ်ဦးချင်းစီ ထုတ်ပေးခဲ့သည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် နန်းဇလိန်ကျေးရွာနေ ဦးအောင်ဝင်းက "ကျွန်တော်တို့လို အိမ်ခြံမြေပိုင်ရှင်များကို ပိုမိုခိုင်လုံတဲ့ အထောက်အထား မြေငှားဂရန်များ လက်ဝယ်ပိုင်ပိုင်ရရှိအောင် ထုတ်ပေးခြင်းဟာ ကျေးရွာနေ လူနေမှုဘဝကို မြှင့်တင်ပေးတဲ့အခြေအနေဖြစ်လို့ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောပြခဲ့သည်။

**သီဟ**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဟိုပန် နိုဝင်ဘာ ၁၅**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးကြပ်၍ ပန်ခွန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လွယ်လျှံကျေးရွာနှင့် နမ့်ပီးကျေးရွာ၌ ငါးခန်းတွဲ ရေလောင်းအိမ်သာနှစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မုန်းကွန်(ရှမ်း)-လွယ်လျှံ - နမ့်ပီး (၀/၆ ဒသမ ၅) မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက လိုက်လံစစ်ဆေးလျက်ရှိကြောင်းသိရသည်။

ယင်းသို့စစ်ဆေးရာတွင် ဟိုပန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းတို့ ဦးဆောင်သော လုပ်ငန်းစစ်ဆေး ရေးအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် သွားရောက် စစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးမှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင်ကျေးလက်**

# အထွေထွေရွေးကောက်ပွဲကြီးတွင် လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့ကြသော အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်

### မြင်းမူ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့ကြသော အထူးရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် အထူးရဲတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မဲရုံများတွင် လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးတို့က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို အထူးရဲတပ်ဖွဲ့ဝင်များအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အထူးရဲတပ်ဖွဲ့ဝင် ၅၈ ဦးက မြင်းမူမြို့နယ်အတွင်းရှိ မဲရုံ ၅၈ ရုံ၏ လုံခြုံရေးတာဝန်များကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းထမ်းဆောင်ခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ**

### ငပုတော

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရဲတပ်ဖွဲ့က လေ့ကျင့်သင်တန်းပေးခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ငပုတောမြို့နယ်တွင်းရှိ မဲရုံအသီးသီးတွင် လုံခြုံရေးတာဝန် ကျေပွန်စွာဆောင်ရွက်ခဲ့ကြသော အထူးရဲများအား ရဲချုပ်က ချီးမြှင့်သော ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီက ငပုတောမြို့နယ် ပြည်သူ့အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆွေက အထူးရဲ ၁၀၂ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးကျော်သူ(ပြန်ဆက်)**

### ဝက်လက်

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကျင်းပရာတွင် မဲရုံလုံခြုံရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ကြသော အထူးရဲ (Special Polie) ၁၂၉ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝက်လက်မြို့နယ်လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌကိုယ်စား ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က ဂုဏ်ပြုကျေးဇူးတင် အမှာစကားပြောကြားပြီး လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား အထူးရဲ ၁၂၉ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

### ရွှေဘို

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသောအထူးရဲ(Special Police)များအား ဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ မြို့မရဲစခန်း၌ ကျင်းပရာခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက အထူးရဲ (Special Police) များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

### တောင်ကြီး

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြသော အထူးရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ရဲသူရခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေမောင်ကကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားခဲ့သည်။ဆက်လက်၍ မြို့နယ်လုံခြုံရေးကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးက ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒုတိယအကြိမ်မြောက်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲတပ်ဖွဲ့ဝင်အဖြစ် အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာများကို အထူးရဲတပ်ဖွဲ့ဝင်တစ်ဦးစီ အသိအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင်များ၊ ရွှေညောင်၊ အေးသာယာ၊ ကျောက်တစ်လုံး၊ တောင်ကြီးမြို့နယ် မြို့မရဲစခန်း၁ နှင့် ၂ တပ်ဖွဲ့ဝင်စုစုပေါင်း ၂၁၀ ဦးတို့က မဲရုံ ၂၁၀ ရုံ၏ လုံခြုံရေးတာဝန်များကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းထမ်းဆောင်ခဲ့ကြကြောင်းသိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

### ကွမ်းခြံကုန်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သော အထူးရဲ ၁၇၈ ဦးတို့အား ရဲချုပ်မှ ချီးမြှင့်ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ဇာတိမာန်ခန်းမတွင် ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးအောင်ကျော်စိုးမှ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးတို့မှ တစ်ဦးချင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **စိန်တိုး(ကွမ်းခြံကုန်း)**

### မတ္တရာ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲရုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အထူးရဲတပ်ဖွဲ့ဝင်များအား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃နာရီက မတ္တရာမြို့ ဘုရင့်နောင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

### ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် လုံခြုံရေးပါဝင် ဆောင်ရွက်ပေးခဲ့ကြသော အထူးရဲများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီက ကျင်းပရာ မြို့နယ် လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် အထူးရဲတပ်ဖွဲ့ဝင် ၁၅၉ ဦးတို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်ဦးဆွေက ဂုဏ်ပြုကျေးဇူးတင်အမှာစကားပြောကြားပြီး မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ယာယီရဲမှူးအောင်ဆန်းမြင့်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများကို အထူးရဲတပ်ဖွဲ့ဝင်များအား ပေးအပ်ခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

### မိုင်းဖြတ်

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အထူးရဲ (Special Police)များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ် နေပြည်တော်၏ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မိုင်းဖြတ်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးမြင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး အထွေထွေရွေးကောက်ပွဲကြီးတွင် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော အထူးရဲ (Special Police) ၄၂ ဦးအား တစ်ဦးချင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

### မြို့သစ်

၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့သည့် အထူးရဲ ၁၆၂ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခမ်းမတွင်ပြုလုပ်ခဲ့သည် ။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွဋ်၊ မြို့နယ်ကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလ လုံခြုံရေးတာဝန်များ ထမ်းဆောင်ပေးခဲ့သည့် အထူးရဲတပ်ဖွဲ့ဝင် ၁၆၂ ဦးတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **သန်းဝင်းထွန်း(ပြန်/ဆက်)**

### ကလေးဝ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အထူးရဲတပ်ဖွဲ့များ ဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ချင်းတွင်းမြစ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က ပြီးခဲ့သည့်ရွေးကောက်ပွဲကာလအတွင်း အထူးရဲများအနေဖြင့် ရွေးကောက်ပွဲတာဝန်များကို သက်ဆိုင်ရာဌာနအဖွဲ့များနှင့် ပူးပေါင်းပြီး ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ လုံခြုံရေးအပြည့်အဝဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သဖြင့် အထူးကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံရဲချုပ်က ပေးပို့သော ဂုဏ်ပြုမှတ်တမ်းလွှာများကို ရဲချုပ်ကိုယ်စား လုံခြုံရေးစီမံခန့်ခွဲ မှုကော်မတီ အတွင်းရေးမှူး ရဲမှူးတင်ရွှေက အထူးရဲ ၅၇ ဦးသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သီဟ(ပြန်/ဆက်)**

### မန္တလေး

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒုတိယအကြိမ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံအထူးရဲတပ်ဖွဲ့ဝင်အဖြစ် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့ရှိ အထူးရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည့် ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီက အဆိုပါမြို့နယ်မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့် အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆင့်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး အထူးရဲတပ်ဖွဲ့ဝင် ၆၁ ဦးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

### တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ အေးချမ်းတည်ငြိမ်စွာ ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့သည့် အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်၊ မွန်းလွဲ ၁ နာရီက ရွှေဖူးသီးဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး၊ မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးက အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အထူးရဲတပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ၊ အထူးရဲတပ်ဖွဲ့ ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အထူးရဲတပ်ဖွဲ့ဝင်များကို မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲရုံ ၅၈ ရုံတွင် အထူးရဲ ၅၈ ဦးအား တစ်လကြာ တာဝန်ပေးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **ဝေယံလင်း(ပြန်/ဆက်)**

### ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရဲတပ်ဖွဲ့ရှိ အထူးရဲတပ်ဖွဲ့ဝင်များအား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီခွဲက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်မှ ဂုဏ်ပြုကျေးဇူးတင်အမှာစကား ပြောကြားခြင်း၊ မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ရဲမှူးအေးလွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ်ကိုယ်စား အထူးရဲတပ်ဖွဲ့ဝင် ၂၅၈ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခဲ့သည်။ **ဝင်းအိမွန်(ပြန်ဆက်)**

### ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခန့်အပ်ထားသော အထူးရဲတပ်ဖွဲ့ဝင် ၁၂၅ ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အမှာစကားပြောကြားပြီး၊မြို့နယ်လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

### တံတားဦး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြသည့် အထူးရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ညနေ ၃ နာရီက အင်းဝခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တံတားဦးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ခွဲဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ၊ အထူးရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်က မြန်မာနိုင်ငံရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာကို အထူးရဲတပ်ဖွဲ့ဝင်များကိုယ်စားအထူးရဲတပ်ဖွဲ့ဝင်တစ်ဦးအား ချီးမြှင့်ခဲ့သည်။

ယင်းနောက် အထူးရဲတပ်ဖွဲ့ဝင်တစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနား ကျင်းပပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **ရဲတင့်**

## မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ဆို၊ က၊ ရေး၊ တီး ယှဉ်ပြိုင်

**ရေး နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် ရေးမြို့ အ-ထ-က(၁)ကျောင်း ပညာရတနာခန်းမဆောင်၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အဆင့်အခြေခံပညာ ကျောင်းပေါင်းစုံ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အုပ်စုအလိုက် ယှဉ်ပြိုင်ခြင်း တစ်ဦးချင်းအလိုက်ယှဉ်ပြိုင်ခြင်းများကို နိုဝင်ဘာ ၁၄ ရက် မှ ၁၆ ရက်အထိ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲထူးချွန်ဆုရကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများမှာ ပြည်နယ်အဆင့် တွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်။ ယင်းကဲ့သို့ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို ကျင်းပရသည့်အတွက် ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ပုံရိပ်များပေါ်လွန်ထင်ရှားစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာ အမွေအနှစ်များ ထိန်းသိမ်းကာ ကွယ်စောင့်ရှောက်သွားကြရန်နှင့် အစဉ်အလာ မပျက်ကျင်းပရခြင်းဖြစ်ကြောင်းကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောသည်။ **ထွန်းထွန်း(ရေး)**

## ဝန်းသိုမြို့နယ်ပေကုန်းကျေးရွာတွင် ဝါးကိုနီးဖျာ၍ရက်လုပ်သည့် ဝါးယပ်တောင်လုပ်ငန်း

### ယနေ့ထက်တိုင် လုပ်ကိုင်နေရဆဲ



**ဝန်းသို နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပေကုန်းအုပ်စု ပေကုန်းကျေးရွာတွင် အိမ်ခြေ ၇၈ လုံး လူဦးရေ ၄၀၀ ကျော်ရှိပြီး နှစ်စဉ် မိုးစပါးနှင့် နေကြာ၊ မြေပဲနှင့် အခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးကြသည့်အပြင် ရှေးဘိုးဘွားလက်ထက်က နွေရာသီကာလအတွက် ဝါးဖြင့်ရက်လုပ်ကြသော ဝါးယပ်တောင်လုပ်ငန်းများကိုလည်း အပိုဝင်ငွေရရှိရန်အတွက် ယနေ့တိုင် လုပ်ကိုင်နေလျက်ရှိကြောင်းသိရသည်။

ယင်းကျေးရွာရှိ ဝါးယပ်တောင်လုပ်ငန်း လုပ်ကိုင်ရာတွင် တင်းဝါးဖြင့်သာ ပြုလုပ်ရသဖြင့် တင်းဝါးများကို ပင်လည်ဘူးမြို့နယ် အတွင်းရှိတောတောင်များမှ နတ်တော်လနှင့် ပြာသိုလ၌ ခုတ်ယူစုဆောင်းကာ တပေါင်းလနှင့် တန်ခူးလတွင်ရက်လုပ်ကြသည်။

ယပ်တောင်များပြုလုပ်ရာ၌ ဝါးများကို အဆစ်လိုက်ဖြတ်၍ မိမိပြုလုပ်လိုသည့် ယပ်တောင်အပေါ်မူတည်ကာ ဖြတ်တောက်ထားသော ဝါးဆစ်ပိုင်းများကို တစ်ရက် (သို့မဟုတ်)နှစ်ရက် ရေစိမ်ပြီး နီးအဖြစ်ဖျာရသည်။ သို့မှသာကျိုးပဲ့မှုနည်းပါးသည်ဟု ဆိုသည်။

ယင်းနောက် ဝါးနီးကို ဆေးအရောင်တင်ရန်အတွက် မန္တလေး ဈေးချိုတွင် ရောင်းချနေသော အရောင်စုံဆေးအမှုန့်ကို ဝယ်ယူ၍ ရေနွေးနှင့်ဖျော်စပ်ကာ နီးများကို မိမိလိုချင်သည့် အရောင်ကိုဆေးသုတ်၍ တစ်ရက်ခန့်နေလှမ်းပြီး နီးဖျာများကို ရက်လုပ်ကြသည်။ ထိုကဲ့သို့ ရက်လုပ်လျက်ရှိသော ယပ်တောင်များကို ကောလင်းမြို့ရှိ ဝါးဖြင့်ပြုလုပ်သောပစ္စည်းများကို ရောင်းချသည့်ဆိုင်များသို့ ယပ်တောင်တစ်ခုလျှင် ငွေကျပ် ၁၀၀ ဖြင့် ဖောက်သည် သွင်းရသည်။

ယပ်တောင်ရက်လုပ်သူများသည် တစ်ဦးလျှင် ပျမ်းမျှတစ်ရက်လျှင် ယပ်တောင် ၁၀၀ ခန့် ရက်လုပ်ကြပြီး နှစ်စဉ်ပွဲလင်းရာသီများ၌ ကောလင်း-ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များရှိ ကျေးလက်ဒေသများတွင် အလှူ မင်္ဂလာများပေါ်များသဖြင့် အဆိုပါဒေသများမှ အလှူ မင်္ဂလာပြုလုပ်သူများ အော်ဒါမှာယူကြသဖြင့် နှစ်စဉ်ယပ်တောင် လုပ်ငန်းများသည် အရောင်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။ **စိုင်းလှမင်း**

## နောင်ချိုမြို့နယ်ကျေးလက်အခမဲ့ဆေးခန်းဆောက်လုပ်ရန် ငွေလှူဒါန်း

**နောင်ချို နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် ညီနောင်အသင်းအဖွဲ့ဝင် စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်း၍ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့ သဖန်းကိုင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်းအတွင်း သံဃာတော်များနှင့် မိဘမဲ့ တိုင်းရင်းသား ကျောင်းသားများ၊ ကျေးရွာပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် အခမဲ့ဆေးခန်းအား ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းမှ စတင်ဆောက်လုပ်ခဲ့သည်။

ယင်းဆေးခန်း ဆောက်လုပ်ရန် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များက နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက ငွေကျပ်သိန်း ၁၃၀ ကို ပေးအပ်လှူဒါန်းရာ သဖန်းကိုင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း နာယကဆရာတော်နှင့် အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

သဖန်းကိုင်း အခမဲ့ဆေးခန်းသို့ ငွေပဒေသာပင်နှင့် ဆေးပဒေသာပင်များ လှူဒါန်းနိုင်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## လှိုင်သာယာတွင် လူနေ အဆောင်တစ်ခုအပါအဝင် စုစုပေါင်းအိမ်သုံးလုံးမီးလောင်ကျွမ်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြေတိုင်း(၂၃) ကစင်ကျေးရွာအုပ်စုတွင် နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီ ၁၅မိနစ်ခန့်က လူနေအဆောင်မှစတင်၍ မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့အပါအဝင် ဆက်စပ်မြို့နယ်များမှ မီးသတ်ယာဉ်များဖြင့် စုပေါင်းမီးငြိမ်းသတ်နိုင်ခဲ့သဖြင့် လူနေအဆောင်တစ်ခု အပါအဝင် စုစုပေါင်းအိမ်သုံးလုံးသာ မီးလောင်ကျွမ်းခံခဲ့ရသည်။

ယင်းမီးလောင်မှုဖြစ်ပွားခဲ့သည့် လှိုင်သာယာမြို့နယ် မြေတိုင်း(၂၃)ကစင်ကျေးရွာအုပ်စု စိန်ပန်း(၂)လမ်း အမှတ် (၆၂၅)အဆောင် အခန်း(၅)နေ မောင်လွင်ကိုဦး (၂၃)နှစ် (ဘ)ဦးကျော်နိုင်ဦး၏ အခန်းမှနေ၍ မီးစတင်လောင်ကျွမ်းခဲ့ရာ ယင်းအဆောင်ရှိ အခန်း (၇)ခန်း မီးလောင်ကျွမ်းခံခဲ့ရပြီး အနီးရှိ ဆယ်ပေအိမ်နှစ်လုံးလည်း မီးကူးဆက်လောင်ကျွမ်းခဲ့သည်ဟု သိရသည်။

အခင်းဖြစ်နေရာသို့ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များအပြင် ဆက်စပ်မြို့နယ်အသီးသီးမှ မီသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ မိတ်ဖက်ယာဉ်နှစ်စီးတို့ရောက်ရှိလာကာ ဌာနေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက စုပေါင်း မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် ဆုံးရှုံးမှု၊ အိုးမဲ့အိမ်မဲ့ဖြစ်ပွားမှုနှုန်းကို နည်းပါးစေရန် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့သည်။

မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် အခန်းအမှတ်(၅)နေ မောင်လွင်ကိုဦးကို မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဟု သိရသည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

## အခြေခံလက်သမားပညာသင်တန်းဖွင့်

**ကလေး နိုဝင်ဘာ ၁၅**

ကျေးလက်နေ လူငယ်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရန် ထိုအခွင့်အလမ်းမှ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိစေရန်နှင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံလက်သမားပညာသင်တန်း အမှတ်စဉ်(၂/၂၀၁၅)ကို ကလေးမြို့နယ် အောင်မြင်သာကျေးရွာမူလတန်းကျောင်းတွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးဇေယျာညိုက အဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးလှဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မျိုးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးသူရကျော်(နည်းပညာ)တို့ တက်ရောက်ကြပြီး လက်သမားအထောက် အကူပြုပစ္စည်း ၁၂ မျိုးကို လက်သမားသင်တန်းသားများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပြည်တော်သာ၊ အောင်မြင်သာ၊ နန်းချောင်း၊ မောက်လင်းကျေးရွာတို့မှ သင်တန်း သား ၂၅ ဦး တက်ရောက်၍ လက်သမားသင်တန်းနည်းပြနှစ်ဦးမှ သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည် ဖြစ်ကြောင်းသိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



## မိုးစပါးများအား ဖျက်သိမ်း၍ ဆောင်းသီးနှံကုလားပဲများ အစားထိုးစိုက်ပျိုး

**မြိုင် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အညာမြေတောင်သူလယ်သမားဦးကြီးများ မိုးစပါး စိုက်ပျိုးမှုတွင် ပျိုးထောင်ခြင်း၊ အစေ့တိုက်ရိုက်စိုက်ပျိုးခြင်းများ စိုက်ပျိုးခဲ့ကြသော်လည်း မိုးရွာသွန်းမှုနည်းပါး၍ မိုးစပါးမအောင်မြင်သဖြင့် နိုဝင်ဘာလအတွင်း မိုးရေချိန် သုည ဒသမ ၆၆ လက်မ ရွာသွန်းမှုကြောင့် ယင်းလယ်များအား ဖျက်သိမ်း၍ ဆောင်းသီးနှံကုလားပဲများအား အစားထိုး စိုက်ပျိုးကြရသည်။

ယင်းသို့ စိုက်ပျိုးရာတွင် ကုလားပဲများမှာ ကုလားပဲအဖြူလုံးသေး၊ လုံးကြီးများနှင့် ကုလားပဲအဝါ ရေဆင်း-၃၊ ရေဆင်း-၄ တို့ကို တောင်သူများက စိုက်ပျိုးကြသည်။

လယ်တစ်ဧကလျှင် ထွန်ထယ်တို့ဖြင့် အတန်းလိုက် စိုက်ပျိုးလျှင် ကုလားပဲ ၁၂ ပြည်ခန့် စိုက်ပျိုးရပြီး ကြဲပက်၍ စိုက်ပျိုးလျှင် ၁၈ ပြည်ခန့် ကုန်ကျကြောင်း၊ ယခုအခါ ကုလားပဲစိုက်ပျိုးရာတွင် နွားရှဉ်းများဖြင့် စိုက်ပျိုးမှုနည်း၍ နွားရှဉ်းများအစား လယ်ထွန်စက်များဖြင့် ကြဲပက်ပြီး စိုက်ပျိုးကြကြောင်း စိုက်ပျိုးသူတစ်ဦးက ပြောသည်။ **အောင်ကျော်မြင့်**

## မြစိမ်းရောင်စီမံကိန်းဖြင့်ဆောင်ရွက်နေသည့်လုပ်ငန်းများအားကွင်းဆင်းကြည့်ရှုစစ်ဆေး

**ချောက် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ ကျေးရွာများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အတူ ချောက်မြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ နိုဝင်ဘာ ၁၂ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသောကျေးရွာ ၁၁ ရွာအနက် ပုပ္ပကန်၊ ကူဖြူညောင်ဇင်ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ၏ ချေးငွေဖြင့်ဆောင်ရွက်သော မွေးမြူရေး၊ စိုက်ပျိုးရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ တိုင်းဒေကြီးဦးစီးဌာနမှူး ဦးကျော်ဆွေ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ဝန်ထမ်းများအဖွဲ့သည် ကျေးရွာ မြစိမ်းရောင်ကော်မတီအဖွဲ့၏ စာရင်းဇယားနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်ဆက်)**

# မင်းကွန်းဒေသတွင် ခေတ်နှင့်အညီလုပသော ရေသန့်ဘူးထည့်သည့် အိတ်ကလေးများ ရောင်းချ



**မင်းကွန်း နိုဝင်ဘာ ၁၅**

လက်ရှိကာလ မင်းကွန်းဒေသတွင် မြန်မာ့ရိုးရာ အထည်များကိုခေတ် နှင့်အညီ လုပသောဒီဇိုင်းများဖြင့် ချုပ်လုပ်ရောင်းချလျက်ရှိသည်။ ယင်းခေတ်မီအထည်များနှင့်အတူ ရေသန့်ဘူးများထည့်သည့်အိတ်ကလေးများကို လှပသော ဒီဇိုင်းဖြင့် ချုပ်လုပ်ရောင်းချလျက်ရှိရာ မင်းကွန်းဒေသရောက် ဘုရားဖူးများ၊ ဧည့်သည်များမှာ လှပသောရေသန့်ဘူးအိတ်ကလေးများကို အမှတ်တရ ဝယ်ယူမှု များပြားလာကြောင်း သိရသည်။

ရေသန့်ဘူးထည့်သည့် အိတ်ကလေးများမှာ ရေသန့်ဘူးတစ်ဘူးစာ တိုင်း၍ ချုပ်ထားသည်။ ခရီးသွားလာသူများ၊ လည်ပတ်လေ့လာသူများ ရေသန့်ဘူးကို လက်ကကိုင်စရာ မလိုဘဲ လွယ်ကာယူသွားနိုင်အောင် စီမံချုပ်ထားပြီး ရေသန့်ဘူးထည့်သည့် အိတ်တစ်အိတ်လျှင် ငွေကျပ်တစ်ထောင်နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

မင်းကွန်းဒေသသည် ပြည်တွင်းဘုရားဖူးများနှင့်အတူ နိုင်ငံတကာ ခရီးသွားဧည့်သည်များ အများဆုံးသွားရောက်သည့် သမိုင်းဝင်နေရာတစ်ခုပင်ဖြစ်သည်။ မင်းကွန်းရောက်သည်နှင့် သမိုင်းဝင် ကြီးလေးကြီးဖြစ်သော ခြင်္သေ့ကြီးနှစ်ကောင်၊ ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ မြသိန်တန်စေတီနှင့်အတူ ကမ္ဘာ့မှတ်ညာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ထူးကြီးဟုတင်စားထားသည့် မင်းကွန်းဆရာတော်ဘုရားကြီးဗိမာန်သို့ သွားရောက်လေ့လာဖူးမြော်ကြသည်။

မင်းကွန်းဒေသတွင် အခြားလေ့လာစရာများအဖြစ် ပါဒနက်သန် စက်တော်ရာစေတီ၊ ပုံတော်စေတီ၊ ဓမ္မနာဒကျောင်းတိုက်၊ မဟာဗုဒ္ဓဝင်ကျောင်းတော်၊ ဒေါ်ဓမ္မစာရီဓမ္မဗိမာန် စာကြည့်တိုက်၊ ဦးပုပိဋကတိုက်၊ တိပိဋက=နိကာယကျောင်းတိုက်ကြီး၊ ရွှေဘုန်းပွင့်စေတီ၊ မိုးမိတ်စေတီ၊ စက်တော်ရာစေတီ၊ နိုင်ငံစုံဘုရားပြတိုက်၊ စာချကျောင်းတော်ကြီး မဟာဗုဒ္ဓဝင်ပြတိုက်နှင့်အတူ အခြားလေ့လာစရာများစွာ တည်ရှိသည်။

မင်းကွန်းဒေသရောက်ရှိပါက ဒေသထွက် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများကို အမှတ်တရ ဝယ်ယူကြသည်။ ဒေသထွက် ခုံဖိနပ်၊ ခမောက်၊ ရိုးရာအဝတ်အထည်များ၊ ပန်းချီကားများ၊ ကောက်ရိုးပန်းချီကားများနှင့် ပုသိမ်ထီးတို့ကို အမှတ်တရ ဝယ်ယူလေ့ရှိသည်။

**တိမ်တမန်**

# ကင်းထောက်လူငယ်ဆင့်ပွားသင်တန်းကောလင်းမြို့၌ဖွင့်

**ကောလင်း နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ လူငယ်လူရွယ်တို့အား တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တကောင်းများရရှိစေရန်၊ မိမိကိုယ်ကိုအားကိုးတတ်လာစေရန်၊ ခေါင်းဆောင်၏ အမိန့်နှင့် သွန်သင်ဆုံးမမှုများကို လိုက်နာတတ်စေရန်အစရှိသော အလေ့အထကောင်းများရရှိစေရန်ရည်ရွယ်၍ ကင်းထောက်လူငယ်ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့် ကင်းထောက်လူငယ်ဆင့်ပွား ဖွင့်ပွဲအခမ်းအနားတွင် ကင်းထောက်လူငယ်မောင်မယ်ကလေးများက 'အဆင်သင့်' သီချင်းအား သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ညွန့်တို့က အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း လက်ထောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကင်းထောက်လူငယ်ဆင့်ပွား သင်တန်းသို့ ကင်းထောက်လူငယ်မောင်မယ် ၁၀၀ တက်ရောက်ပြီး သင်တန်းနည်းပြဆရာ၊ ဆရာမများက ရက်သတ္တပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်ထိ ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

# နတ်ကြီးကုန်းကျေးရွာရှိရေဘေးသင့်ပြည်သူများတွက်လူနေအိမ်သစ်များဆောက်လုပ်ရန်ရွာသစ်ဖော်ထုတ်

**ကလေး နိုဝင်ဘာ ၁၅**

ကလေးဒေသရေကြီးရေလျှံမှုကြောင့် ရေဘေးပြန်လည်ထူထောင်ရေး ရွှေ့ပြောင်း လူနေအိမ်သစ် စုစုပေါင်း ၃၅၈ လုံး ဆောက်လုပ်ရန်လျာထားရာ ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာ ရေဘေးသင့် ရွှေ့ပြောင်းလူနေအိမ်သစ် ၄၁ လုံး ဆောက်လုပ်ရန်အတွက် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများ အသုံးပြုကာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို အားကြိုးမာန်တက်ဆောင်ရွက်နေကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု မကြုံစဖူးကြီးမားစွာဖြစ်ပေါ်ခြင်းကြောင့် ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေနှင့် အိုးအိမ်များ၊ အခြားကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။

**ဂျိုးနက်**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကြာအင်းဆိပ်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်ကျေးရွာအုပ်စု၊ ခလယ်ကျေးရွာအလယ်ပိုင်း၊ အမှတ်(၃)ရပ်ကွက်နေ ကျော်နိုင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၉၁၆ ပြားနှင့် မြန်မာငွေကျပ် ၅၆ ဒသမ ၈ သိန်း တို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်က ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ အောင်ရာရပ်ကွက်၊ အမှတ်(အရ/၉၂)နေ မြင့်သန်းနှင့် အောင်မျိုးထွန်းတို့ နေထိုင်သော အခန်းအား ရှာဖွေရာ စုစုပေါင်းဘိန်းဖြူ အလေးချိန် သုညဒသမ ၀၄၀၆ ကီလိုနှင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀ ထတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ကောင်းမွန်လျှို၊ မော်စီစာ(၂)ရပ်ကွက်၊ မော်စီစာကျေးရွာ၊ လုံးခင်းကျေးရွာအုပ်စုရှိ မျိုးမင်းလှိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ထပ်မံသိမ်းဆည်းရမိကြောင်းသိရသည်။

**(ကြေးမုံ)**







CONNECT institute
INTERNATIONAL STUDIES PROGRAM [ISP]
စိတ်ဝင်စားသူများ 09 25595 9933 နှင့် 09 25595 9944 သို့ဆက်သွယ်နိုင်ပါသည်။
3A, Pansodan Business Tower၊ ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။
09 25595 9933, 09 25595 9944
info@connect.institute

ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို
(၂၇-၁၁-၂၀၁၅)တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။
အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်–အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉–၄၃၀၉၇၅၁၇

# ကလေးမြို့နယ်အတွင်းရှိ ရေပေးမြောင်းများ ပြန်လည်တူးဖော်ဆောင်ရွက်ပြီးစီး

**ကလေး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့်ပျက်စီးသွားသော ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများကို ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ကျေးလက်ဒေသများ၏ လယ်ယာမြေများအတွက် ရေစီးရေလာ ကောင်းမွန်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးသည့် ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများမှာ မြောင်းငါးမွှာ ရေပေးမြောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းများတွင် ထိုမာကျေးရွာ ရေပေးမြောင်း ကျင်း ၃၀၀၀၊ ထောက်ကြန့်ကျေးရွာ ရေပေးမြောင်း ကျင်း ၃၂၀၀၊ သာစည်ကျေးရွာ ရေပေးမြောင်း ကျင်း ၂၉၀၀၊ ကျောင်းတိုက်ကျေးရွာ ရေပေးမြောင်း ကျင်း ၁၈၀၀နှင့် မြို့လှရပ်ကွက် ရေပေးမြောင်း ၃၄၀၀ ကျင်းများအား ဖော်ထုတ်ပြီးစီးပြီ ဖြစ်သည်။

ယင်းအပြင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ခုံသာကျေးရွာရေပေးမြောင်းတွင် ကျင်း ၆၃၀၊ သစ်စိမ့်ပင် ရေပေးမြောင်းတွင် ကျင်း ၂၂၅၀၊ ခိုင်ကမ်းရေပေးမြောင်းတွင် ကျင်း ၂၆၀၊ ဆည်ကြီးရေပေးမြောင်းတွင် ကျင်း ၄၈၀၊ ထူးကြီးရေပေးမြောင်းတွင် ကျင်း ၆၂၀၊ ကသဲမြောင်းတွင် ကျင်း ၂၅၀ နှင့် ချင်းဆိုင်ရေပေးမြောင်းတွင် ၁၂၈ ကျင်း၊ နတ်မြောင်း (၁)ရေပေးမြောင်းတွင် ကျင်း ၁၁၀၀၊ မြောင်းချောင်းရေပေးမြောင်းတွင် ကျင်း ၁၂၈၀၊ လက်ပံချောင်းရေပေးမြောင်းတွင် ကျင်း ၄၈၀၊ နတ်ဥယျာဉ်ရေပေးမြောင်းတွင် ကျင်း ၇၅၀၀၊ ခုံတန်းရေပေးမြောင်း(၁)တွင် ၁၆၈ကျင်း၊ မြောင်းချောင်းရေပေးမြောင်းတွင် ကျင်း ၃၁၅၀၊ ခုံတန်းရေပေးမြောင်းတွင် ၉၆၂ ကျင်း၊ သာယာကုန်းရေပေးမြောင်းတွင် ကျင်း ၈၀၀၊ ပြည်တော်သာရေပေးမြောင်းတွင် ကျင်း ၂၇၀၊ ကြိုးကြာကွင်းရေပေးမြောင်းတွင် ၃၃၆ ကျင်း၊ မောက်လင်း ရေပေးမြောင်းတွင် ကျင်း ၁၆၈၀၊ တင်သားရေပေးမြောင်းတွင် ၂၈၀၀ ကျင်း၊ နတ်ကြီးစင်ရေပေးမြောင်းတွင် ၅၄ ကျင်း၊ ကံပုလဲ-နှောညောင်ပင်ကျေးရွာရေပေးမြောင်းတွင် ၁၆၈ ကျင်း၊ ပျဉ်းခုံကြီးရေပေးမြောင်းတွင် ၂၄၀၀ ကျင်း၊ ကံပုလဲ ရေပေးမြောင်းတွင် ကျင်း ၁၀၀နှင့် စက်ပုတ်ပင်မြောင်း တူးဖော်ခြင်းတွင် ကျင်း ၁၀၀၊ မနောသုခမြောင်း တူးဖော်ခြင်းတွင် ကျင်း ၁၆၀နှင့် ဒုတိယအကြိမ် ထိုမာရေပေးမြောင်းတူးဖော်ခြင်းတွင် ကျင်း ၄၂၀ပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ချင်းတွင်းသား**



# မြန်မာဝူရှူးအားကစားအဖွဲ့ ပြည်ပထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ (ဂျကာတာ) မြို့၌ ကျင်းပမည့် ၂၀၁၅ ခုနှစ် (၁၃) ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ အမှုဆောင်အစည်းအဝေး တက်ရောက်ရန်အတွက် ဝူရှူးအားကစား အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ အုပ်ချုပ်သူ/နည်းပြ ဒေါ်ဆွေဆွေသန့်နှင့် အားကစားသမား လေးဦးတို့သည် နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲက စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲပြုလုပ်နေစဉ်အတွင်း မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက အပြည်ပြည်ဆိုင်ရာအဖွဲ့အမှုဆောင် အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားအဖွဲ့မှ ထိုက်ချီချွမ်၊ ထိုက်ကျီကျန့်ပြိုင်ပွဲများတွင် ငြိမ်းချမ်းကိုကိုကလည်းကောင်း၊ နန်းချွန်၊ နန်းသောင်း၊ နန်းကွန့်ပြိုင်ပွဲများတွင် သိန်းသန်းဦးကလည်းကောင်း၊ ချမ်းချွမ်၊ ကျန့်လျှံပြိုင်ပွဲများတွင် စန္ဒီဦးနှင့် မြတ်သက်စုဝေဖြိုးတို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၎င်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၈၆ နိုင်ငံ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာကျင်းပခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီက မြန်မာနိုင်ငံတစ်ဝန်း ကျင်းပခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌လည်း မဲရုံများ စတင်ဖွင့်လှစ်သည့်နံနက် ၆ နာရီမှ အစပြုပြီး မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ မိမိတို့နှင့် သက်ဆိုင်သည့် မဲရုံအသီးသီးတို့တွင် တန်းစီစောင့်ဆိုင်းလျက် လာရောက်မဲပေးခဲ့ကြကြောင်း သိရသည်။ ယင်းသို့မဲပေးရာတွင် အင်းစိန်မြို့နယ်၌ ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်နှင့် မဲရုံပေါင်း ၁၈၉ ရုံရှိရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၉၂၇၅ ဦးရှိပြီး လာရောက် ဆန္ဒမဲပေးသူများ ၁၄၁၇၂၇ ဦး ဆန္ဒမဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း သိရသည်။

**(၆၈၄)**

# မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကျောင်းကုန်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ရတနာပုံလမ်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့လျက်ရှိသည်။

ရတနာပုံလမ်းသည် အလျားပေ ၂၃၈၀၊ အကျယ် ၁၈ ပေ၊ အမြင့်သုံးလက်မ နှင့် အလျားပေ ၄၂၀၊ အကျယ် ၁၂ ပေ၊ အမြင့်သုံးလက်မ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ပြီးစီးသွားမှု အခြေအနေကိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် ကော်မတီဝင်များက ကြည့်ရှုခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


သမဂ္ဂါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Higher Diploma (အမှတ်စဉ် -၄) သင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဒီဇင်ဘာ (၁၂)ရက် နေ့တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

1. Business Management Higher Diploma
2. Business Management Advanced Diploma

(၁) Business Management Higher Diploma သင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂) သင်တန်းများကို အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါက သမဂ္ဂါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကို ရရှိမည်ဖြစ်ပါသည်။
(၃) ၎င်း Diploma သင်တန်းများ အောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှ ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု ABE Diploma စာမေးပွဲများကို ဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကိုလည်း တာဝန်ယူရှာဖွေပေးသွားပါမည်။

ပညာအရည်အချင်း အထောက်အထားမူရင်းနှင့် မိတ္တူ(၂)စုံ၊ ဓါတ်ပုံ (၃)ပုံ တို့နှင့်တကွ (၁.၁၁.၂၀၁၅) မှ စတင်၍ WISE College တွင် စာရင်းပေးသွင်း အပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။
ဖုန်းနံပါတ် – ၀၉ ၂၅၃ ၅၂၈ ၅၂၀၊ ၀၉ ၂၅၃ ၅၂၈ ၅၂၁
"We are not selling Education"



ဆုတောင်းတွေက ဆုတောင်းတိုင်း ပြည့်တာတော့ မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောကြားထားတဲ့ အင်္ဂါ(၅)ချက်နဲ့ ပြည့်စုံမှ ဆုတောင်းပြည့်တာပါ။

ရဝေနွယ်(အင်းမ)
ဆုတောင်းတွေပြည့်ဖို့

News Watch စောင့်ကြည့် သတင်းဂျာနယ်တွင် ဖော်ပြခဲ့သော ဆောင်းပါးများ။

တန်ဖိုး ၁၀၀၀

ပင်ရင်း– ဖုန်း–၀၉–၇၃၀ ၂၆၆၇၄၊ ၀၉–၇၃၁ ၀၃၆၃၄၊ ဖြန့်ချိရေး– ၀၉– ၂၅၇ ၂၅၂၅၇၇



3rd Batch of Applied Management Group Certificate Course @ WISE College

လူသိများအောင်မြင်လျက်ရှိသော WISE College ၏ Applied Management Group Certificate Course အား တတိယအသုတ်အဖြစ် ၂၃.၁၁.၂၀၁၅ ရက်နေ့တွင် ထပ်မံ ဖွင့်လှစ်သွားပါမည်။

Management Certificate Course Subjects များမှာ -

1. Certificate in Business Management
2. Certificate in Marketing Management
3. Certificate in Human Resources Management
4. Certificate in Customer Services for Business Management
5. Certificate in Business Communication

10% Discount for Early Birds Enrollment

သင်တန်းကာလမှာ တစ်ပတ်လျှင် ၅ ရက်ဖြင့် (၃)လကြာမြင့်မည်ဖြစ်ပြီး တနင်္လာမှ သောကြာနေ့အထိ ညနေ (၅း၃၀)နာရီမှ (၇း၃၀)နာရီအထိ သင်ကြားပေးပါမည်။ နိုင်ငံတကာအတွေ့အကြုံရှိသော အရည်အသွေးပြည့်ဝသည့် ဂါရဝ ဆရာ/ဆရာမကြီးများမှ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးအောင်မြင်သူများသည် သက်ဆိုင်ရာ Certificate (၅)ခုနှင့်အတူ Group Certificate (၁)ခုအား ထပ်မံရရှိပါမည်။ International Management / Local Management Diploma Course များသို့ သင်တန်းကြေးအထူးနှုန်းများဖြင့်ဆက်လက်တက်ရောက်နိုင်ရန်လည်း စီစဉ်ထားပါသည်။သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကျောင်းစတင်အပ်နှံရန် လက်ခံနေပါပြီ။

